# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၆၅)၊ ၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်၊ ၂၆-၈-၂၀၂၄၊ တနင်္လာနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလ တည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းစားရေးဖူလုံမှုကို များစွာအထောက်အကူဖြစ်စေမည်

## မိမိတို့ဒေသအလိုက် ကုန်ထုတ်လုပ်မှုများတိုးတက်စေရေးနှင့် သီးထပ်စွမ်းအား အနည်းဆုံး ၂၀၀ ရာခိုင်နှုန်း တိုးတက်အောင်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။


စာမျက်နှာ ၃ သို့ ➔


## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂၅

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်ပါသည်။

**မိုး/ဓလ**

## ယနေ့ ဖတ်စရာအညွှန်း


ဆာကာ ပရီးမီးယားလိဂ်ပွဲ ၁၀၀ ပြည့်မြောက်သည့် တတိယမြောက် အသက်အငယ်ဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်

စာမျက်နှာ ၁၁

သက်ကြီးစကား မှတ်သားနာယူ သတိမူပါ (ဆောင်းပါး)

စာမျက်နှာ ၁၇

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၆ ရက် ၊ တနင်္လာနေ့ ။

မန္တလေး နေ့စဉ်

## စာဖတ်ခြင်းဖြင့် အချိန်ကို အကျိုးရှိရှိ အသုံးချသင့်

လူငယ်များအနေဖြင့် ပညာသင်ကြားနေစဉ်တွင် ပညာကို စိတ်အားထက်သန်စွာ သင်ယူရမည်ဖြစ်သည်။ ပညာနှင့် ဆက်စပ်လျက်ရှိသော စာပေတို့ကိုလည်း ခုံမင်နှစ်သက်စွာဖြင့် ဖတ်ရှုလေ့လာနေရမည်ဖြစ်သည်။ စာပေတွင် လူ့ဘဝအတွေ့အကြုံများရသည့်ဘဝအတွက် အတွေးအမြင်များ ပါရှိပါသည်။ စာပေဖတ်ခြင်းဖြင့် အသိဉာဏ်တိုးပွားလာနိုင်ပါသည်။

ယဉ်ကျေးလိမ္မာ၍ ထူးချွန်ထက်မြက်လာမည်ဖြစ်သည်။ထို့ပြင် လူငယ်များအနေဖြင့် ကမ္ဘာကျော်ပုဂ္ဂိုလ်များအကြောင်းကိုဖတ်မိလျှင် ရည်မှန်းချက်များထက်သန်လာစေမည်ဖြစ်သည်။ ကြီးပွားတိုးတက်လိုစိတ်များ ဖြစ်ပေါ်လာစေပါသည်။ ထိုသူများထံမှ ဘဝနှင့်ပတ်သက်သည့် နေထိုင်နည်းများနှင့် သင်ခန်းစာများကိုရရှိနိုင်မည်ဖြစ်သည်။ အမေရိကန်သမ္မတလင်ကွန်းသည် ဆင်းရဲသော်လည်း စာပေနှင့် ပညာတန်ဖိုးကိုနားလည်ခဲ့သည်။ ပန်းထိမ်ဖိုမှ မီးအလင်းရောင်အောက်၌ စာဖတ်ခဲ့သည်။ မြန်မာတို့၏ ရာဇဝင်သမိုင်းထဲတွင်လည်း အတုယူစရာပုဂ္ဂိုလ်များရှိခဲ့ပါသည်။ ဝန်ဇင်း မင်းရာဇာသည် လယ်ထွန်ရင်း စာပေများကို လေ့လာဖတ်ရှုခဲ့သည်။ ထို့ကြောင့်ပင် အင်းဝမင်းကြီးစွာစော်ကဲ သိလိုသည့်အချက်များကို ဖြေဆိုနိုင်စွမ်းရှိခဲ့သည့်အတွက် ပညာရှိအမတ်ကြီး ရာထူးကိုရရှိခဲ့သည်။ ဘုရင်မင်းမြတ်က တိုင်းပြည်အရေးကိစ္စများ တိုင်ပင်မေးမြန်းတိုင်း ကောင်းစွာအကြံပြုနိုင်ခဲ့သည်။ စာကောင်းပေကောင်းသည် လူ့ဘဝလမ်းကြောင်းကို ပြောင်းလဲစေပါသည်။ ကမ္ဘာကျော် စာရေးဆရာဂျက်လန်ဒန်သည် လူဆိုးဘဝမှ စာပေကို ဖတ်ရှုရာမှ ကမ္ဘာကျော်စာရေးဆရာတစ်ဦး ဖြစ်လာခဲ့သည်။ ရသစာပေကို ဖတ်ခြင်းဖြင့် လောဘ၊ ဒေါသ၊ မောဟစိတ်များကို လျှော့ပါးစေပါသည်။ မေတ္တာကရုဏာစိတ်၊ ကိုယ်ချင်းစာစိတ်များ ပွားများလာစေသည်။ မိမိ၌ စိတ်ကောင်းရှိသည့်အတွက် သူတစ်ပါးနှင့် ဆက်ဆံရာတွင် အဆင်ပြေချောမွေ့လာစေသည်။ မိမိကိုယ်ကျိုးသက်သက်ကိုမကြည့်ဘဲ အများအကျိုးကို ဆောင်တတ်လာပါသည်။ မိမိမိသားစုအကျိုး၊ နိုင်ငံနှင့်လူမျိုးအကျိုးကို ဆောင်ရွက်တတ်သည့် အဖိုးတန် သားကောင်း၊ သမီးကောင်းရတနာများ ဖြစ်လာစေနိုင်ပါသည်။

ပညာကိုချစ်လျှင် စာပေကိုချစ်ရမည်။ အသိဉာဏ်ပညာပြည့်ဝသူဖြစ်လိုလျှင် စာပေကိုချစ်ရမည်။ မိမိဘဝနှင့် မိမိနိုင်ငံကို မြင့်မားစေလိုလျှင် စာဖတ်ခြင်း၌ မွေ့လျော်ရမည်ဖြစ်ပြီး အားလပ်သည့်အချိန်ကို အကျိုးရှိရှိ အသုံးချရမည်ဖြစ်သည်။ လူတို့၏ ခန္ဓာကိုယ်ရှင်သန်ရေးအတွက် နေ့စဉ်အစာအာဟာရကို မှီဝဲရသည်။ ထို့အတူပင် စိတ်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေကို ဖတ်ရှုလေ့လာရမည်ဖြစ်သည်။

သို့ဖြစ်ရာ လူငယ်များအနေဖြင့် အားလပ်သည့်အချိန်များတွင် အပျော်အပါးဖြင့် အချိန်မကုန်စေဘဲ အဖိုးတန်ပညာရတနာများ စုဝေးနေသည့် စာကြည့်တိုက်များတွင် စာဖတ်ခြင်းဖြင့် အချိန်ကို အကျိုးရှိရှိ အသုံးချသင့်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပူးစားပြောင်း ၁၁၄၇ ဧက စိုက်ပျိုးပြီးစီး



**ရမည်းသင်း ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီးအတွင်း ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပူးစားပြောင်းစိုက်ဧက ၁၁၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

အဆိုပါမြို့နယ်တွင် ပူးစားပြောင်းသီးနှံကို တောင်သူများက ရာသီအလိုက် နှစ်စဉ်စိုက်ပျိုးလျက်ရှိကြောင်း၊ ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ပူးစားပြောင်း လျာထားစိုက်ဧက ၉၀၀ကို မေလနောက်ဆုံးပတ်မှစ၍ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အချိန်ထိ စိုက်ပျိုးပြီးဧကသည် ၁၁၄၇ဧကစိုက်ပျိုးပြီးဖြစ်ကာ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။

"ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးတာတွေလုပ်ပါတယ်။ ပိုးမွှားရောဂါကျရောက်မှု မရှိစေဖို့ကိုလည်း အသိပညာပေးဆောင်ရွက်ပါတယ်။ ပြောင်းသီးနှံတွေဟာ ကုန်ကျစရိတ်သက်သာပြီး တောင်သူတွေတွက်ခြေကိုက်တဲ့ သီးနှံဖြစ်ပါတယ်။ တောင်သူတွေလည်း တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာကြပါတယ်။ ခုမိုးရာသီသီးနှံမှာလည်း ပူးစားပြောင်းကို လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ခုလို ပူးစားပြောင်းတွေ စိုက်တာကလည်း ဒေသတွင်းစားသုံးမှုဖူလုံစေဖို့လည်းပါတယ်။ စားသုံးသူတွေလည်း အန္တရာယ်ကင်းရှင်းတာကြောင့် စိတ်ချစွာ စားသုံးလို့ရပါတယ်။ စားသုံးလို့ ပိုလျှံရင်လည်း ဈေးကွက်တွင်းကို ရောင်းချကြပါတယ်"ဟု ၎င်းကရှင်းပြသည်။

အဆိုပါ ပြောင်းစိုက်တောင်သူများကို ဌာနမှနေပြီး စိုက်ပျိုးရေးဆိုင်ရာ သင်တန်းများ၊ ကွင်းသရုပ်ပြပွဲများ၊ ဖောင်မြောင်တောင်ပို့ နှိမ်နင်းနည်းများ၊ တမာပိုးသတ်ဆေး၊ ချင်း၊ ငရုတ်ပိုးသတ်ဆေးစသည်ဖြင့် အသုံးပြုပုံများကို အသိပညာပေးဆောင်ရွက်လျက်ရှိပြီး ထိုသို့ စိုက်ပျိုးထားသည့်အတွက် ဒေသထွက်ကုန်သီးနှံများကိုသာ ရောင်းချနိုင်ပြီး မိသားစုဝင်ငွေများ တိုးပွားစေကာ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၀၇၃)**

၀-၀-၀-၀-၀

## သဘာဝပတ်ဝန်းကျင် ချစ်မြတ်နိုးသူများ (၁၄)ကြိမ်မြောက် စုပေါင်းသစ်ပင်စိုက်ပျိုး

**ပြင်ဦးလွင် ဩဂုတ် ၂၅**

သဘာဝပတ်ဝန်းကျင် ချစ်မြတ်နိုးသူများGreen Challenge Association၏ (၁၄) ကြိမ်မြောက် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၉နာရီက ပြင်ဦးလွင်မြို့နယ်၊ အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်းဝင်းတွင် ကျင်းပရာ သဘာဝပတ်ဝန်းကျင် ချစ်မြတ်နိုးသူများ၊ GCA အဖွဲ့ဝင်များ၊ အလက(၂) ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ကျောင်းဝင်းအတွင်း ကျောက်ခက်၊ တပေဘူတာ၊ ငုဝါ၊ စိန်ပန်းပြာ၊ စတ္တျူပန်း၊ ကုံကော်၊ ကျူးလစ်၊ မန်ကျည်း၊ငွေတောက်၊ မက္ကဒေးမီးယား၊ တမလန်း၊ မဟော်ဂနီ၊ သစ်နှင်းဆီကျွန်း၊ ခရေ၊ စိန်တရစ်မြတရစ် စုစုပေါင်း ပန်းအလှနှင့် အရိပ်ရပင် ၁၇၅ ပင်အား တပျော်တပါးစုပေါင်းစိုက်ပျိုးခဲ့ကြသည်။

စုပေါင်းသစ်ပင် စိုက်ပျိုးသူများအား အလက (၂)မှ ကောက်ညှင်းပေါင်း၊ ဒေါ်တင်မေငြိမ်းက နံနက်စာ၊ ဒေါ်နုနုယဉ်က သစ်ပင်များ သယ်ယူခြင်း၊ ရေသန့်၊ စက်သုံးဆီတို့ လှူဒါန်းပေးခဲ့ကြပြီး (၁၅)ကြိမ်မြောက် သစ်ပင်စိုက်ပျိုးပွဲကိုနဝင်းတောရကျောင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မောင်ပြည်သူ(မန္တလေး)**





## ပူးစားပြောင်း ၆၈၆၅ ဧက လျာထားစိုက်ပျိုးမည်

**ရေနံချောင်း ဩဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်တွင် ယခုနှစ်မိုးရာသီ၌ ပူးစားပြောင်းကို ၆၈၆၅ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ပြီး လက်ရှိ ၄၄၀၈ ဧက စိုက်ပျိုးပြီးစီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနစာရင်းအရ သိရသည်။

မိုးရာသီ ကဆုန်လမိုးရွာသွန်းချိန်ကစတင်ပြီး မိုးဦး၊ မိုးလယ်၊ မိုးနှောင်းနှင့် ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြသည့်အပြင် မြေအောက်အဝီစိရေဖြင့် ဆယ့်နှစ်ရာသီမရွေး စိုက်ကြသည်။

"အဓိကကတော့ ပြောင်းဖူးလည်း ရာသီစာအဖြစ် ရောင်းရတဲ့အတွက် သကြားပြောင်းဖူး၊ ထိုင်ဝမ်ပြောင်းဖူးများကို စိုက်ကြပြီး ဒေသမျိုးပြောင်းဖူးကိုလည်းစိုက်ကြကာ ဝင်ငွေရတယ်၊ ပြောင်းဖူးတစ်ရာလျှင် ငွေကျပ် ၄၀၀၀ ရောင်းရပြီး ပြောင်းဖူးစိုက်ခင်းတစ်ခုလျှင် ဖူးရေတစ်သောင်းကျော်ထွက်ရှိတယ်" ဟု ရေနံချောင်းမြို့နယ်က စိုက်တောင်သူတစ်ဦးက ပြောသည်။

ရေနံချောင်းမြို့နယ်တွင် ပူးစားပြောင်းကို ယခင်နှစ်မိုးရာသီတွင် ၆၈၆၅ ဧက စိုက်ပျိုးပြီး ၆၈၆၅ ဧက ရိတ်သိမ်းခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနစာရင်းအရ သိရသည်။

**(အပေါ်ပုံ)**

**ဆန်းညွန့်(ရေနံချောင်း)**

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်းသိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများပိုမိုတိုးတက်လာမည်

## ပြည်တွင်းမှထွက်ရှိသည့် ပိုလျှံဆီထွက်သီးနှံ နှမ်း၊ နေကြာနှင့် မြေပဲတို့ကို စားသုံးဆီအဖြစ် ကြိတ်ခွဲမည်ဆိုပါက ပြည်တွင်းစားသုံးဆီ လုံလောက်မှုရှိနိုင်

○ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

### တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဒေသဆိုင်ရာအချက်အလက်များနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်မှုများအား အသီးသီးတင်ပြ

ဦးစွာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်တို့က ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသတွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်မှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

### ဒေသအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်မည်ဆိုပါက စားရေရိက္ခာဖူလုံစေမည်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မန္တလေးတိုင်းဒေသကြီး၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရန်ဖြစ်ပြီး ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့၏ လုပ်ငန်း ဆောင်ရွက်မှုများကိုလည်း တစ်ဆက်တည်း တင်ပြစေခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မိမိတို့ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြကြောင်း၊ အဓိကအားဖြင့် စားရေရိက္ခာဖူလုံရေးပင်ဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်မည်ဆိုပါက စားရေရိက္ခာဖူလုံမည်ဖြစ်ကြောင်း၊ စိုက်ဧကများအလိုက် ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် စိုက်ပျိုးရန်လိုပြီး သီးထပ်များစိုက်ပျိုးရန်လည်းလိုကြောင်း၊ အနည်းဆုံး သီးထပ် ၂၀၀ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ရန်လိုပြီး ထိုသို့စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများ နှစ်ဆတိုးလာမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးရှိ မြို့၊ ရွာများသည် ဧရာဝတီမြစ်၏ ဝဲ၊ ယာတွင်ရှိပြီး စနစ်တကျဖြင့် အကျိုးရှိအောင်အသုံးချနိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အလားတူ ဆည်ရေသောက်ဧရိယာများမှ သီးထပ်စွမ်းအားများကိုလည်း မြင့်တက်လာအောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်းလေးသွယ်ဖြင့် စနစ်တကျဆောင်ရွက်မည်ဆိုပါက အထွက်နှုန်းများ အောင်မြင်တိုးတက်လာမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့အနေဖြင့်လည်း စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်း စားရေးဖူလုံမှုကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

စားသုံးဆီနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် ပြည်ပမှစားသုံးဆီများကို နှစ်စဉ်တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေများကိုသုံးစွဲရလျက်ရှိကြောင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဆီထွက်သီးနှံများကို စိုက်ပျိုးကြကြောင်း၊ သို့သော် ဆီထွက်သီးနှံများကို ဆီအဖြစ် ထုတ်ယူသုံးစွဲခြင်းထက် ပို့ကုန်များအဖြစ် တင်ပို့ခြင်းနှင့် တိုက်ရိုက်စားကုန်များအဖြစ် စားသုံးခြင်းများကြောင့် ဒေသတွင်း ဆီလိုအပ်ချက်များ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အဆိုပါ ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်တွင်းမှ ထွက်ရှိသည့် ပိုလျှံဆီထွက်သီးနှံ နှမ်း၊ နေကြာနှင့် မြေပဲတို့ကို စားသုံးဆီအဖြစ် ကြိတ်ခွဲဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီ လုံလောက်မှုရှိနိုင်မည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများတွင် နေကြာသည်လည်း ဆီထုတ်လုပ်မှုကို များစွာအထောက်အကူပြုနိုင်မည် ဖြစ်သဖြင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် သီးထပ်စိုက်ပျိုးသွားရန် လိုကြောင်း၊ မိုးစပါးစိုက်ပျိုးပြီးချိန်တွင် နေကြာစိုက်ပျိုးမည်ဆိုပြီး မြစ်ရေတင်စီမံကိန်းများဖြင့် အောင်ရေရရှိအောင် စိုက်ပျိုးနိုင်ကြောင်း၊ အလားတူ အခြေခံလိုအပ်ချက်ဖြစ်သည့် စားသောက်ကုန်ပစ္စည်းများကို ဒေသတွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်မည်ဆိုပါက ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ခေတ်အဆက်ဆက်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားနည်းခဲ့ပြီး ပြည်ပပို့ကုန်နှင့် ပြည်ပသွင်းကုန်များတွင် ပြည်ပသွင်းကုန်များ ပိုမိုများပြားခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြည်ပမှတင်သွင်းရမှုများ များပြားခဲ့သဖြင့် နိုင်ငံခြားငွေလိုအပ်ချက်များဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့အစိုးရတာဝန်ယူဆောင်ရွက်ချိန်တွင် သယံဇာတပစ္စည်းများ တတ်နိုင်သမျှတင်ပို့ခြင်းမရှိခဲ့ဘဲ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှထွက်ရှိသည့်ထွက်ကုန်များကို ပိုမိုတင်ပို့ခဲ့ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့ဒေသအလိုက် ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေးနှင့် သီးထပ်စွမ်းအား အနည်းဆုံး ၂၀၀ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများကိုလည်း ဒေသအလိုက် တိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

### ပညာရည်မြင့်မားရေး

ပညာရည်တိုးတက်ရေးနှင့် ပတ်သက်၍ ယခုပညာသင်နှစ်တွင် ကျောင်းတက်ရာခိုင်နှုန်း ပိုမိုမြင့်မားလာသည်ကို တွေ့ရှိရသော်လည်း နိုင်ငံတစ်ဝန်းလုံး၏ကျောင်းနေအရွယ်ရာခိုင်နှုန်း၏ ၇၀ ရာခိုင်နှုန်းခန့်သာ ရှိနေသေးကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပိတ်ထားရသည့်ကျောင်းများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ အဆိုပါ ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း ကျောင်းသား ကျောင်းသူများကို အချိန်ပိုသင်ကြားပေးပြီး အတန်းပညာများ အမှန်တကယ်တတ်မြောက်အောင် သင်ကြားပေးရန်လိုကြောင်း၊ အခြေခံပညာအလယ်တန်းအဆင့်အထိ သင်ယူပြီးပါက ဘဝတိုးတက်ရေးအတွက် လိုအပ်သည့် အတတ်ပညာများကို ဆက်လက်သင်ယူနိုင်ကြောင်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသည့် ကျောင်းသား ကျောင်းသူများအားလုံးကိုလည်း အဆင့်မြင့်ပညာဆက်လက်သင်ယူနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ စာမျက်နှာ ၄ သို့ ○

❒ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မိမိတို့ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြကြောင်း၊ အဓိကအားဖြင့် စားရေရိက္ခာဖူလုံရေးပင်ဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်မည်ဆိုပါက စားရေရိက္ခာဖူလုံမည်

❒ စိုက်ဧကများအလိုက် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးရန်လိုပြီး သီးထပ်များစိုက်ပျိုးရန်လည်းလိုကြောင်း၊ အနည်းဆုံး သီးထပ် ၂၀၀ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ရန်လိုပြီး ထိုသို့စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများနှစ်ဆတိုးလာမည်

❒ မန္တလေးတိုင်းဒေသကြီးရှိ မြို့၊ ရွာများသည် ဧရာဝတီမြစ်၏ ဝဲ၊ ယာတွင်ရှိပြီး စနစ်တကျဖြင့် အကျိုးရှိအောင်အသုံးချနိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အလားတူ ဆည်ရေသောက်ဧရိယာများမှ သီးထပ်စွမ်းအားများကိုလည်း မြင့်တက်လာအောင် ဆောင်ရွက်နိုင်ရန်လို

○ စာမျက်နှာ ၃ မှ

ထိုသို့ ပညာသင်ကြားနိုင်ရန်အတွက် ပညာရေး၏အရေးပါမှုကို သဘောပေါက်နားလည်နိုင်စေရေး ပညာပေးခြင်း၊ စည်းရုံးခြင်းများဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သဖြင့် နိုင်ငံအတွက် ပညာတတ်များစွာလိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့်လည်း ပညာရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်း။

**ကျန်းမာကြံ့ခိုင်မှုရှိစေရေးနှင့် အားကစားကဏ္ဍမြင့်မားတိုးတက်စေရေး**

ကျန်းမာရေးနှင့်ပတ်သက်၍ ပညာသင်ယူမှုပြီးဆုံးသည့် ကျန်းမာရေးဝန်ထမ်းများကို နိုင်ငံတော်၏ကျန်းမာရေးနယ်ပယ်တွင် တာဝန်ထမ်းဆောင်နိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံအဝှမ်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အနေဖြင့် ကျန်းမာရေးဝန်ထမ်းများ စဉ်ဆက်မပြတ်ခန့်အပ်ပေးလျက်ရှိကြောင်း၊ ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်ဟူသည့် မူဝါဒနှင့်အညီ ဆရာဝန်များအား ခန့်အပ် တာဝန်ပေးထားကြောင်း၊ ကျန်းမာရေးနှင့်ဆက်စပ်၍ အားကစားကဏ္ဍကို အနည်းငယ်ပြောကြားလိုကြောင်း၊ အားကစားကဏ္ဍတိုးတက်မှုရှိစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းစေရေး၊ စိတ်ဓာတ်ကောင်းမွန်စေရေး၊ အားကစားနည်းအလိုက် နည်းစနစ်ပိုင်းဆိုင်ရာများ ကျွမ်းကျင်မှုရှိစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ မကြာမီတွင် ကျင်းပမည့် အမျိုးသား အားကစားပွဲတော်ကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အနှစ်သာရရှိစွာဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Good Brothers' Mechineries ကုမ္ပဏီလီမိတက်မှ စမ်းသပ်ထုတ်လုပ်ထားသည့် Mini Cotton Ginning Machine ကို ကြည့်ရှုစဉ်။

**ပြည်သူပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်နှင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး**

လုံခြုံရေးနှင့်ပတ်သက်၍ ဒေသအလိုက် လူတစ်ဦးတစ်ယောက်ချင်းစီမှ လုံခြုံရေးအသိစိတ်ဓာတ်ရှိရှိဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူ့လုံခြုံရေး People Security၊ Public Security နှင့် ပတ်သက်၍ လမ်းအလိုက်၊ ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နေထိုင်သည့်ဒေသ ရပ်ကွက်၊ ကျေးရွာများအလိုက်၊ လမ်းများအလိုက် လုံခြုံရေးစနစ်များ တည်ဆောက်၍ ဆောင်ရွက်မည်ဆိုပါက နယ်မြေဒေသလုံခြုံရေးအတွက် များစွာအကျိုးရှိထိရောက်စေမည်ဖြစ်ကြောင်း၊ ပြည်သူ့လုံခြုံရေးလုပ်ငန်းများနှင့် ပတ်သက်၍ Check, Recheck, Counter Check များ ပြုလုပ်၍ အပြန်ပြန်အလှန်လှန်စစ်ဆေးနေရန် လိုအပ်မည်ဖြစ်ကြောင်း၊ လုံခြုံရေးပိုင်းဆိုင်ရာများ နည်းလမ်းမျိုးစုံဖြင့် ထိခိုက်ခြင်းကြောင့် ဒေသအလိုက်ထိခိုက်မှုများကို ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်လိုပြီး လုံခြုံရေးအမြင်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ လုံခြုံရေးထိခိုက်မှုဖြစ်စဉ်များသည် နိုင်ငံရေးကိုအခြေခံ၍ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပြီး မဲမသမာမှုကြောင့် အရေးပေါ်အခြေအနေ ဖြစ်ပေါ်ခြင်းကို နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းခြင်းမပြုလုပ်ဘဲ လက်နက်ကိုင်အကြမ်းဖက်သည့်နည်းလမ်းဖြင့် ဖြေရှင်းရန် လုပ်ဆောင်လာခြင်းများကြောင့် ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာလျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း နိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရန် လိုကြောင်း၊ အခြားနိုင်ငံများတွင်လည်း နိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကိုသာ ကျင့်သုံးဆောင်ရွက်နေကြကြောင်း၊ နိုင်ငံရေးအရဆောင်ရွက်ရာတွင် အာဃာတများထားခြင်း၊ လက်တုံ့ပြန်ခြင်းများ မရှိဘဲ အေးအေးချမ်းချမ်းဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် မဲစာရင်းနှင့်ပတ်သက်၍ မသမာမှုများလုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရပြီး မဲပေးရာတွင်လည်း ကြိုတင်မဲများကို မဲမသမာမှုများပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ မဲမသမာမှုပြုလုပ်ခဲ့သည့် အထောက်အထားများကိုလည်း စစ်ဆေးတွေ့ရှိခဲ့ကြောင်း၊ **၎င်းမဲမသမာမှုများသည် မဲဆန္ဒနယ်တစ်ခုတည်းတွင်ဖြစ်ပေါ်ခဲ့ခြင်း မဟုတ်ဘဲ ဒေသအလိုက် တစ်နိုင်ငံလုံးတွင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ NLD ပါတီမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့များပါဝင်ပြီး အချို့ဝန်ကြီးချုပ်များပါ ပါဝင်ကြောင်း၊ ထိုသို့ မဲမသမာမှုပြုလုပ်နိုင်ရန်အတွက် မဲစာရင်းပြုစုရေးအဖွဲ့ ဖွဲ့ခြင်း၊ အထောက်အကူပြုအဖွဲ့ ဖွဲ့ခြင်းတို့တွင် NLD ပါတီဝင်များက ပါဝင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မဲမသမာမှုများကို NLD ပါတီက ဦးဆောင်၍ လုပ်ဆောင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ မဲမသမာမှုပြုလုပ်ရာတွင် ကြိုတင်မဲပေးရာ၌ မသမာမှုပြုလုပ်ခြင်း၊ မဲစာရင်းများတွင် မသမာမှုပြုလုပ်ခြင်း စသည့်နည်းလမ်းများဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် ဆိုးရွားသည့် လုပ်ဆောင်ချက်ပင်ဖြစ်ကြောင်း။**

မိမိတို့အနေဖြင့် လာမည့်ရွေးကောက်ပွဲကို လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာမည့်အောက်တိုဘာလတွင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများကို စတင်ကောက်ယူသွားမည်ဖြစ်ကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှုရလဒ်များ နိုင်ငံတော်ကို ကြေညာပြီးချိန်တွင် မဲစာရင်းပြုစုပြီး ရွေးကောက်ပွဲကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဲစာရင်းများ မှားယွင်းမှုမရှိစေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး ဆန္ဒမဲပေးချိန်တွင်လည်း မှန်မှန်ကန်ကန်ဖြစ်စေရေး ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများအနေဖြင့်ဝိုင်းဝန်း ဆောင်ရွက်ပေးသွားကြစေလိုကြောင်း။

တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာဖြင့် ဆက်လက်ရပ်တည်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံအား မူလအခြေအနေအတိုင်း ပြန်လည်ရောက်ရှိရန်အတွက် လုပ်ဆောင်သင့်သည်များကို ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်နှင့် လူမျိုးအပေါ် အမှန်တကယ်နားလည်သူများရှိပြီး ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများရှိရန် လိုကြောင်း၊ ထို့ကြောင့်ပြည်သူ့လုံခြုံရေးနှင့် ပတ်သက်၍ ပြည်သူပါသည့် လုံခြုံရေးစနစ်ကို ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ပြည်သူ့လုံခြုံရေးစနစ်တွင် ပြည်သူများ ပါဝင်ပါက တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုများ ကောင်းမွန်လာပြီး မိမိတို့နိုင်ငံ၏ရည်မှန်းချက်ဖြစ်သည့် စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Good Brothers' Mechineries ကုမ္ပဏီလီမိတက်က စမ်းသပ်ထုတ်လုပ်ထားသည့် Mini Cotton Ginning Machine ကို ကြည့်ရှုရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❒ **တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာဖြင့် ဆက်လက်ရပ်တည်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံအား မူလအခြေအနေအတိုင်း ပြန်လည်ရောက်ရှိရန်အတွက် လုပ်ဆောင်သင့်သည်များကို ဆက်လက်လုပ်ဆောင်သွားမည်**

❒ **ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်နှင့် လူမျိုးအပေါ် အမှန်တကယ်နားလည်သူများ ရှိပြီး ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများရှိရန်လိုကြောင်း၊ ထို့ကြောင့် ပြည်သူ့လုံခြုံရေးနှင့်ပတ်သက်၍ ပြည်သူပါသည့် လုံခြုံရေးစနစ်ကို ဆောင်ရွက်သွားရမည်**

❒ **ပြည်သူ့လုံခြုံရေးစနစ်တွင် ပြည်သူများ ပါဝင်ပါက တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုများ ကောင်းမွန်လာပြီး မိမိတို့နိုင်ငံ၏ရည်မှန်းချက်ဖြစ်သည့် စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်**

❒ **မဲမသမာမှုများသည် မဲဆန္ဒနယ်တစ်ခုတည်းတွင် ဖြစ်ပေါ်ခဲ့ခြင်းမဟုတ်ဘဲ ဒေသအလိုက် တစ်နိုင်ငံလုံးတွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ NLD ပါတီမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့များပါဝင်ပြီး အချို့ဝန်ကြီးချုပ်များပါ ပါဝင်**

❒ **ထိုသို့ မဲမသမာမှုပြုလုပ်နိုင်ရန်အတွက် မဲစာရင်းပြုစုရေးအဖွဲ့ ဖွဲ့ခြင်း၊ အထောက်အကူပြုအဖွဲ့ ဖွဲ့ခြင်းတို့တွင် NLD ပါတီဝင်များက ပါဝင်လုပ်ဆောင်ခဲ့ခြင်းဖြစ်**

❒ **မဲမသမာမှုများကို NLD ပါတီက ဦးဆောင်၍ လုပ်ဆောင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ မဲမသမာမှုပြုလုပ်ရာတွင် ကြိုတင်မဲပေးရာ၌ မသမာမှုပြုလုပ်ခြင်း၊ မဲစာရင်းများတွင် မသမာမှုပြုလုပ်ခြင်း စသည့်နည်းလမ်းများဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် ဆိုးရွားသည့် လုပ်ဆောင်ချက်ပင်ဖြစ်**

* စာမျက်နှာ ၂၄ မှ

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် စူဠာမုနိ ရုပ်ရှင်တော် ဘွဲ့အမည်ခံရုပ်ပွားတော်မြတ်ကြီး ပင့်ဆောင်ခဲ့မှု မှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုကာ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးအား လက်ယာရစ် လှည့်လည်၍ ကျောင်းတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ နဂိုမူလရှေးဟောင်းအမွေအနှစ်လက်ရာများအတိုင်း လက်ရာမပျက်ထိန်းသိမ်းစောင့်ရှောက်ရေး မှတ်တမ်းများကို ပြန်လည်ကြည့်ရှုလေ့လာ၍ ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရားအား ဖူးမြော်ကြည်ညိုစဉ်။

**ရွှေနန်းတော်ကျောင်း**
**(ရွှေကျောင်း)**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ရွှေနန်းတော်ကျောင်း(ရွှေကျောင်း)သို့ ရောက်ရှိကြပြီး ကျောင်းတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။ ထို့နောက် ကျောင်းတော်ကြီးအတွင်းအပြင်ရှိ မြန်မာမှု သစ်သားပန်းပုအခြေခံ ခြူးပန်း၊ခြူးနွယ် အပြောက်အမွမ်းများ၊ ရုပ်လုံးရုပ်ကြွများ၊ ကျေးငှက်တိရစ္ဆာန်ရုပ်များ၊ နံရံကပ်ရုပ်ကြွများ၊ အတွင်းမာရဘင်အရှေ့ပိုင်းကွန်းစင်တိုင်အခြေတွင် ထုဆစ်ပူဇော်ထားသည့် ဇာတ်ကြီးဆယ်ဘွဲ့၊ တောထွက်ခန်း၊ မဟာပဒုမဇာတ်၊ ဥတေနဇာတ်တော်တို့ကို အနုစိတ် ထုဆစ်ပူဇော်ထားရှိမှုများကို ကြည့်ရှုပြီး တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်လက်ရာများ ဖြစ်သည့်အတွက် စနစ်တကျဖြင့် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း၊ ကျောင်းတော်ကြီးအတွင်းရှိတိုင်လုံးများသပ်ရပ်မှုနှင့် ကြံ့ခိုင်မှုရှိအောင် စဉ်ဆက်မပြတ်မွမ်းမံ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ အမွေအနှစ်လက်ရာများကို ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် မှန်ကာရံခြင်းများ၊ ကန့်သတ်ဇရိယာထားရှိခြင်းများ ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ ရှေးဟောင်း အမွေအနှစ်လက်ရာများဖြစ်သည့်အတွက် အထူးဂရုပြု ထိန်းသိမ်း စောင့်ရှောက်သွားရန်လိုကြောင်း၊ ရွှေကျောင်းတော်ကြီး၏ အောက်ခြေတိုင်များ ခိုင်ခံ့နေစေရေး ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် သန့်ရှင်းသပ်ရပ်မှုရှိအောင် ထိန်းသိမ်း ဆောင်ရွက်မည်ဆိုပါက လာရောက်လေ့လာသူများကိုလည်း ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

**မဟာသကျမာရဇိန်**
**ကျောက်တော်ကြီးဘုရား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ပဉ္စမသင်္ဂါယနာတင်၊ ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထားကိုးကွယ်တော်မူသော မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားသို့ ရောက်ရှိ ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်း ကပ်လှူပူဇော်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ ယင်းနောက် ဘုရားကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ပြီး ဘုရားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**မဟာဓမ္မိကာရာမ**
**ရွှေကျင်တိုက်မကြီး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီးသို့ ရောက်ရှိကြပြီး ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ထုတိဝရအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး ဦးစီးပဓာနနာယက ဆရာတော်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား ဓမ္မဒါနအဖြစ် ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ပြန်လည်ပေးအပ်သည်။



မဟာ ဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး ဦးစီးပဓာနနာယက ဆရာတော်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား ဓမ္မဒါနအဖြစ် ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ် ပေးအပ်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် သက်တမ်း ၁၆၂ နှစ်ကျော် ကျွန်းကျောင်းတော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်သည်။

ယင်းနောက်ကျွန်းကျောင်းတော်ကြီး ပြန်လည်ပြုပြင်ထိန်းသိမ်းထားရှိမှုများနှင့်ကျွန်းကျောင်းတော်ကြီးအတွင်းရှိ ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးများ၏ ပုံတူရုပ်တုတော်များကို ဖူးမြော်ကြည့်ရှုပြီး ဓာတ်ပုံပြခန်းအား ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ကျောင်းတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကိုလမ်းညွှန်မှာကြားသည်။

**မြနန်းစံကျော် ရွှေနန်းတော်ကြီး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်ကြီး ထိန်းသိမ်းထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံနှင့် တာဝန်ရှိသူများက ရွှေနန်းတော်ကြီးနှင့် အဆောင်တော်များ ထိန်းသိမ်းထားရှိမှုအခြေအနေများနှင့် ၂၀၂၃ ခုနှစ် မေလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များ လိုက်နာဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြနန်းစံကျော်ရွှေနန်းတော်ကြီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြနန်းစံကျော်ရွှေနန်းတော်ကြီး သမိုင်းမှတ်တမ်းဓာတ်ပုံများနှင့် နန်းတွင်းအသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသမှုများကိုကြည့်ရှုကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စည်ရှည်တံတားဆောက်လုပ်ရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဝန်ထမ်းမိသားစုများက အလှူငွေနှင့် စားသောက်ဖွယ်ရာများလှူဒါန်းရန် ပြင်ဆင်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၅

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရဲဝံ့စွာ စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသည့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို စေတနာရှင်ပြည်သူများနှင့် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းမိသားစုများက အလှူငွေများနှင့် စားသောက်ဖွယ်ရာများ ပေးပို့ လှူဒါန်းလျက်ရှိရာ ပြည်ထောင်စု တရားလွှတ်တော်ချုပ် ဝန်ထမ်းမိသားစုများကလည်း ပါဝင်လှူဒါန်းရန်အတွက် မွန်မြတ်သည့် စိတ်စေတနာဖြင့် စုပေါင်းချက်ပြုတ် ကြော်လှော်ကြပြီး ကိုယ်တိုင်စိတ်အား ထက်သန်စွာဖြင့် ပြင်ဆင်ထုပ်ပိုးနေမှုများကို ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် လိုက်လံ ကြည့်ရှုအားပေးခဲ့ကြသည်။

ပြည်ထောင်စု တရားလွှတ်တော်ချုပ် ဝန်ထမ်းမိသားစုများအနေဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး၊ အများပြည်သူ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ် စောင့်ရှောက်ရေး တာဝန်ကို ထမ်းဆောင်နေသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ ဗာလချောင်ကြော်၊ ငါးနီတူခြောက်ကြော်၊ နန်းမြိုင်ကော်ဖီမစ်ထုပ်၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်၊ လက်ဖက်အကြော်ထုပ်၊ ငါးပိထောင်းဘူး၊ မြေပဲဆားလှော်၊ ပုံးရည်ကြီးစသည့် စားသောက်ဖွယ်ရာ ၁၃ မျိုးနှင့် လှူဒါန်းငွေကျပ်သိန်း ၅၀ အား နေပြည်တော်



တိုင်းစစ်ဌာနချုပ်သို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်သည်။

ထို့ပြင် "ပြည်ချစ်သားမွန်၊ မေတ္တာစာသဝဏ်" စာတမ်းဖြင့် တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များထံပေးစာ စာအရေးအသားပြိုင်ပွဲကို ပြည်ထောင်စု တရားလွှတ်တော်ချုပ် စုဝေးခန်းမ၌ ကျင်းပပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြု ပေးအပ်

နေပြည်တော် ဩဂုတ် ၂၅

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြု ပေးအပ်လျက်ရှိသည်။

### ဂုဏ်ပြုပေးအပ်

ထိုသို့ ပေးအပ်လျက်ရှိရာ ဩဂုတ် ၂၃ ရက် ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကော်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁)၊ (၂)၊ (၃)၊ (၄)တို့မှ ဝန်ထမ်းမိသားစုများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် မိသားစုများ၊ ဗမာလူငယ်များအစည်းအရုံး၊ သီရိခေတ္တရာ ဖောင်ဒေးရှင်း ဝန်ထမ်းမိသားစုများနှင့် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်း ရိပ်သာ၌ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကော်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး



ဗိုလ်ချုပ်ကြီး မိုးအောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကော်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကော်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် စေတနာရှင်အလှူရှင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကော်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၁)၊ (၂)၊ (၃)၊ (၄) တို့မှ ဝန်ထမ်းမိသားစုများနှင့် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေကျပ် တစ်ရာလေးဆယ့်ငါးသိန်းခြောက်သောင်းတစ်ထောင့်တစ်ရာနှင့် ငွေကျပ်တစ်ရာခြောက်ဆယ့်ကိုးသိန်းကိုးသောင်းခုနစ်ထောင် တန်ဖိုးရှိစားသောက်ဖွယ်ရာများကို တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ထို့နောက် အလှူရှင်များက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများအား ရှေ့တန်းစစ်မျက်နှာအသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှုပ်ရှုပ်ချုံချုံ တာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေ (၁၃) ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများအစည်းအဝေး တက်ရောက်

နေပြည်တော် ဩဂုတ် ၂၅

ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ် ကျင်းပသည့် (၁၃) ကြိမ်မြောက် အာဆီယံ ပညာရေးဝန်ကြီးများ အစည်းအဝေး တက်ရောက်မည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ယမန် နေ့ညနေပိုင်းတွင် ခေတ္တတည်းခို သည့် ထိုင်းနိုင်ငံ ဘူရီယမ်မြို့ရှိ Modena ဟိုတယ်မှတစ်ဆင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှပညာ ရေးဝန်ကြီးများနှင့် ကိုယ်စားလှယ် များ၊ ဧည့်သည်တော်များနှင့်အတူ ဘူရီယမ်မြို့ရှိ Khao Phnom Rung ရှေးဟောင်းဒေသနှင့် Prasat Meaung Tam ရှေးဟောင်းဒေသ သို့ သွားရောက်လေ့လာပြီး ထိုင်းနိုင်ငံ ပညာရေးဝန်ကြီးက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြု ညစာစားပွဲသို့ တက်ရောက်သည်။



**အစည်းအဝေးဖွင့်ပွဲ**

(၁၃) ကြိမ်မြောက် အာဆီယံ ပညာရေးဝန်ကြီးများ အစည်း အဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် Burriam United Stadium၌ ကျင်းပပြုလုပ် ရာ Burriam Province Governor နှင့် ထိုင်းနိုင်ငံ ပညာရေးဝန်ကြီး Police General Prempoon Chidchob တို့က အဖွင့်အမှာစကား များပြောကြားပြီး ထိုင်းရိုးရာ ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေ တင်ဆက်ကာ တက်ရောက်လာ သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ မှ နိုင်ငံ့ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်တစ်ဦးချင်းစီ ကြိုဆို မိတ်ဆက်ပြီး စုပေါင်းမှတ်တမ်း တင်ဓာတ်ပုံရိုက်ကြသည်။

**တက်ရောက်**

ထို့နောက် အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက် ကျင်းပရာ အိမ်ရှင်ထိုင်းနိုင်ငံ ပညာရေးဝန်ကြီး Police General Prempoon Chidchob က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ် များ၊ တီမောလက်စ်တေနိုင်ငံ နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက် ကြသည်။ ယင်းနောက် အစည်း အဝေးတွင် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံက (၁၈) ကြိမ်မြောက် အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး အစီရင်ခံစာကို လည်းကောင်း၊ ထိုင်းနိုင်ငံက (၁၉) ကြိမ်မြောက် အဆင့်မြင့်အရာရှိ ကြီးများအစည်းအဝေး အစီရင် ခံစာကိုလည်းကောင်း တင်ပြ ဆွေးနွေးကြသည်။

ဆက်လက်၍ ဒစ်ဂျစ်တယ်ခေတ် ပညာရေး အသွင်ကူးပြောင်းရေး ဆိုင်ရာနှင့်စပ်လျဉ်း၍ တက်ရောက် လာသောနိုင်ငံများက နိုင်ငံအလိုက် အလှည့်ကျ ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေက အနာဂတ်ပညာရေးကို ပုံဖော်ရန်၊ အလုပ်အကိုင်အခွင့် အလမ်းများ ဖွံ့ဖြိုးတိုးတက်ရန် အတွက် ဒစ်ဂျစ်တယ်နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများ၏စွမ်းအား ကို အသုံးချရမည် ဖြစ်ပါကြောင်း၊ အစဉ်ပြောင်းလဲနေသည့် ကမ္ဘာ ကြီးတွင် လူတစ်ဦးတစ်ယောက် ချင်းစီ အောင်မြင်မှုများ ရရှိလာ အောင် ဖြည့်စွမ်းပေးနိုင်သည့် တက်ကြွမှု၊ လူတိုင်းအကျုံးဝင်မှု နှင့် ထိရောက်သည့် သင်ကြား သင်ယူမှု ဝန်းကျင်ကောင်းများ ဖန်တီးပေးရေးသည် ကျွန်ုပ်တို့၏ မျှော်မှန်းချက်ဖြစ်ပါကြောင်း။

အမျိုးသား ဒစ်ဂျစ်တယ်ပညာ ရေးမဟာဗျူဟာ ချမှတ်ရာတွင် ဆရာ ဆရာမများ၊ မူဝါဒ ချမှတ်သူ များ၊ စက်မှုလုပ်ငန်းရှင်များ နှင့် ကျောင်းသား ကျောင်းသူ များ ပါဝင်ရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် တက္ကသိုလ်၊ ကောလိပ်၊ ကျောင်းများအားလုံးကို မြန်နှုန်း မြင့် အင်တာနက်လိုင်းများ၊ ဒစ်ဂျစ် တယ်စက်ပစ္စည်းများ ပံ့ပိုးပေးရမည် ဖြစ်သကဲ့သို့ အွန်လိုင်းပလက်ဖောင်း များလည်း တည်ထောင်ပေးကြ ရမည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ ဒစ်ဂျစ်တယ် စက်ပစ္စည်းများနှင့် ရင်းနှီးကျွမ်းဝင် အောင်၊ ဒစ်ဂျစ်တယ်နည်းပညာ စွမ်းရည် မြင့်မားလာအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါ ကြောင်း၊ ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းရေးကာလတွင် အဓိက နေရာကပါဝင်နေသည့် ဆရာ ဆရာမများ၏စွမ်းရည်မြင့်မားရေး ပံ့ပိုးကူညီခြင်းသည် ကျွန်ုပ်တို့၏ ကတိကဝတ်တစ်ခုဖြစ်ပါကြောင်း၊ ပံ့ပိုးရာတွင် ဒစ်ဂျစ်တယ်စက်ပစ္စည်း ကိရိယာများနှင့် အွန်လိုင်းရင်းမြစ် ပစ္စည်းများပံ့ပိုးသည့်အပြင် ယင်း ပစ္စည်းများကို အသုံးပြုသော နောက်ဆုံးပေါ် နည်းပညာများ၊ သင်ကြားနည်းစနစ်များကို သိရှိ နားလည်စေရန် ဆောင်ရွက်ပေး ခြင်းများ ပါဝင်မည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ယင်းနောက် တက်ရောက်လာ သည့် ကိုယ်စားလှယ်များနှင့် အာဆီယံဒုတိယအထွေထွေအတွင်း ရေးမှူးချုပ်တို့က နိုင်ငံအလိုက် ဆွေးနွေးတင်ပြချက်များ အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး အစည်းအဝေးက "ဒစ်ဂျစ်တယ် ခေတ် ပညာရေးအသွင်ကူးပြောင်း ရေး"နှင့်စပ်လျဉ်းသည့် ပူးတွဲ သဘောတူညီချက် တစ်ရပ်ကို ဆွေးနွေး အတည်ပြုခဲ့ကြသည်။ ၂၀၂၆ ခုနှစ် (၁၄) ကြိမ်မြောက် အာဆီယံ ပညာရေးဝန်ကြီးများ အစည်းအဝေးကို စင်ကာပူနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသွား မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်ယူနိုက်တက်အသင်းက ရှောဝတီအသင်းကို ၄-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့

ရန်ကုန်ယူနိုက်တက်အသင်း နှင့် ရှောဝတီယူနိုက်တက်အသင်း တို့၏ ပွဲစဉ်ကို ယနေ့ညနေ ၃း၃၀ က Yangon United Sports Complex တွင် ယှဉ်ပြိုင်ကစား ခဲ့ရာ ရန်ကုန်အသင်းက ၄-၁ ဂိုးနှင့် ရှောဝတီအသင်းကို အနိုင် ရရှိခဲ့သည်။

ပွဲစပြီး ၁၀ မိနစ်အကြာတွင် ရှောဝတီအသင်းမှ သီဟ က ခေါင်းတိုက်သွင်းယူပေးခဲ့ပြီး ဦးဆောင်ဂိုးရရှိခဲ့သည်။ ရန်ကုန် အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၁၉ မိနစ်တွင် ရဲလင်းထက် ၏ ညာခြမ်းမှ ပေးပို့မှုကို ရန်ကျော် ထွေးက သွင်းယူပေးခဲ့ခြင်းဖြစ် သည်။ တစ်ဖက်တစ်ဂိုးစီနှင့် အကြိတ်အနယ် ဆက်လက်ယှဉ် ပြိုင်ကစားခဲ့ပြီး ဦးဆောင်ဂိုးကို ရန်ကျော်ထွေးက နာကျင်အချိန်ပို ၂ မိနစ်တွင် သွင်းယူပေးခဲ့ပြီး ၂-၁ ဂိုးနှင့် ပွဲကို ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်းတွင် ကြည်လင်း အစား ဉာဏ်လင်းထက် ဝင်ရောက် လာခဲ့ပြီး တစ်ဖက်အသင်းကို ကစားအားကောင်းကောင်းဖြင့် တိုက်စစ်ဆင်ကစားခဲ့သည်။ ပွဲချိန် ၆၆ မိနစ် ဇော်ဝင်းသိန်း ကန်သွင်း ရာမှ ပြန်လျှံထွက်လာသည့် ဘောလုံးကို ရန်နိုင်ဦးက သွင်း ယူခဲ့သည်။ မိနစ်အနည်းငယ် ကြာပြီးနောက် ရန်ကျော်ထွေး အစား ကောင်းစည်သူ၊ ရဲလင်း ထက်အစား သာယာဝင်းထက် ဝင်ရောက်ကစားခဲ့ပြီး တိုက်စစ် မြှင့်တင်ခဲ့သည်။ ရန်ကုန်အသင်း ဂိုးကန်သွင်းခွင့်များရရှိခဲ့ပြီး ရန်ကုန် အသင်းအတွက် အဆုံးသတ် အနိုင်ဂိုးကို သာယာဝင်းထက် က သွင်းယူပေးခဲ့ရာ ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ရှောဝတီယူနိုက်တက်အသင်းကို ၄-၁ ဂိုးနှင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်း သည် ပွဲစဉ် ၈ ပွဲကစား၊ ၆ ပွဲနိုင်၊ ၂ ပွဲသရေ၊ ရမှတ် ၂၀ မှတ် ရရှိထားပြီး လာမည့် စက်တင်ဘာ ၁၅ ရက်နေ့၊ Dagon Port အသင်းနှင့် သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

(အောက်ဝဲပုံ)

(NGB)

0-0-0-0

0-0-0-0-0

❖ စာမျက်နှာ ၂၄ မှ

လီဗာပူးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၁၃မိနစ် တွင် လူးဝစ်ဒီယက်ဇ်၊ ပွဲချိန် ၇၀ မိနစ်တွင် ဆာလာတို့က အသီး သီး သွင်းယူပေးခဲ့သည်။

အခြားပွဲစဉ်အဖြစ် ဘုန်း မောက်အသင်းနှင့် နယူးကာ ဆယ်အသင်းတို့ ပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

(နိုင်ကမ္ဘာ)

# အသား၊ ငါးများ ဈေးနှုန်းမြင့်တင်ရောင်းချခြင်း မရှိစေရန် ကွင်းဆင်းစစ်ဆေး

ရေနံချောင်း ဩဂုတ် ၂၅

မကွေးတိုင်းဒေသကြီး၊ ရေနံ ချောင်းမြို့မဈေးရှိ ဝက်၊ အမဲ၊ ဆိတ်သားများ ရောင်းချရာ၌ ဈေးနှုန်းမြင့်တင်ရောင်းချခြင်းရှိ၊ မရှိ ယနေ့နံနက်ပိုင်းက မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်း များက ကွင်းဆင်း စစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့စစ်ဆေးဆောင်ရွက်ရာ တွင်၊ ရေနံချောင်းမြို့နယ်စည်ပင် သာယာရေးအဖွဲ့က ဒေသခံ ပြည်သူများ စားသောက်ရေးအဆင် ပြေစေရန်အတွက် သား၊ ငါးများ ဝယ်ယူစားသုံးနိုင်ရန် တစ်ပြေးညီ ဝယ်ယူစားသုံးနိုင်ရေးအတွက် မြို့မဈေးကြီးရှိ အသား၊ ငါးဈေး ဆိုင်များတွင် ဈေးနှုန်းသတ်မှတ် ချက်များ ပါဝင်သည့် ဗီနိုင်းဆိုင်း ဘုတ်များ ချိတ်ဆွဲကာ ပညာပေး ၍ စနစ်တကျရောင်းချစေခဲ့ ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၇၂)



## အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂)အနိုင်၊ အရှုံး (NGB)

| | | | | |
|---|---|---|---|---|
| ဖီအိုရင်တီးနား | ၀ | - | ၀ | ဗီနီဇီယာ |
| တိုရီနို | ၂ | - | ၁ | အတ္တလန်တာ |

## ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂)အနိုင်၊ အရှုံး (NGB)

| | | | | |
|---|---|---|---|---|
| လန်းစ် | ၂ | - | ၀ | ဘရက် |
| နန့်တက်စ် | ၂ | - | ၀ | အော်ဇေး |
| နိုက်စ် | ၁ | - | ၁ | တူးလော့စ် |
| စထရာဘော့ | ၃ | - | ၁ | ရင်းနက်စ် |

## စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂)အနိုင်၊ အရှုံး (NGB)

| | | | | |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | ၃ | - | ၀ | ဗယ်လာဒိုးလစ် |
| လီဂါနက်စ် | ၂ | - | ၁ | လက်ပါးမက်စ် |
| အလာဗက်စ် | ၀ | - | ၀ | ဘက်တစ် |

## ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁)အနိုင်၊ အရှုံး (NGB)

| | | | | |
|---|---|---|---|---|
| ဝုဖ်ဘတ် | ၂ | - | ၃ | ဘိုင်ယန်မြူးနစ် |
| စိန့်ပေါ်လီ | ၀ | - | ၂ | ဟိုက်ဒန်ဟိမ်း |

# တစ်သီးပုဂ္ဂလအမေရိကန်သမ္မတလောင်း ကင်နေဒီက ထရမ့် အောင်နိုင်ရေးအတွက် အားပေးထောက်ခံ



**ဝါရှင်တန် ဩဂုတ် ၂၅**

၂၀၂၄ ခုနှစ် သမ္မတ ရွေးကောက်ပွဲဝင် တစ်သီးပုဂ္ဂလ အမေရိကန်သမ္မတလောင်း ရောဘတ်အက်ဖ်ကင်နေဒီဂျူနီယာက ထရမ့် အောင်နိုင်ရေးအတွက် အားပေးထောက်ခံသည်ဟု ဩဂုတ် ၂၃ ရက်တွင် ထုတ်ဖော်ပြောကြားကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

ဒီမိုကရက်တစ်ညီလာခံ မတိုင်မီ ထရမ့်၏ အဓိကပြိုင်ဘက် ဒီမိုကရက်တစ်သမ္မတလောင်း ကာမာလာဟဲရစ်ဘက်မှ အများအားပေးထောက်ခံမှု တစ်ဟုန်ထိုးမြင့်တက်လာပြီးနောက် ကင်နေဒီက ထိုသို့ဝန်းရံပေးခဲ့ခြင်းဖြစ်သည်။

ထိုညီလာခံအပြီး ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရမ့်ဘက်၌ လူထုအမြင်မဲဆန္ဒကျရှုံးနေချိန်တွင် ကင်နေဒီဘက်မှ ထောက်ခံမဲများက အားတက်စရာ ဖြစ်စေခဲ့သည်။

လုပ်ကြံခံရသဖြင့် သေဆုံးခဲ့သော ဂျွန်အက်ဖ်ကင်နေဒီ၏တူ ဆီးနိတ်အမတ် ရောဘတ်အက်ဖ်ကင်နေဒီ၏ သားဖြစ်သူရောဘတ်အက်ဖ်ကင်နေဒီဂျူနီယာသည် ဂျော်ဂျီယာ၊ မီချီဂန်၊ မင်နီဆိုတာ၊ မြောက်ကယ်ရိုလိုင်းနား အပါအဝင် ပြည်နယ်အများစုတွင် အများအားပေးထောက်ခံမှု ရရှိခဲ့သူဖြစ်ကြောင်း သိရသည်။

**Mon**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရေကြီးမှုဖြစ်ပွားနေသော ဖေနီဒေသတစ်နေရာကို ဩဂုတ် ၁၄ ရက်က ဝေဟင်မှ မြင်တွေ့ရစဉ်။

**Mon**



# ဆူနီတာဝီလျံစ်နှင့် ဘာရီဝီလ်မိုးတို့နှစ်ဦး နောက်နှစ်တွင် ပြန်လာခွင့်ရရန် သေချာ

**ဝါရှင်တန် ဩဂုတ် ၂၅**

အပြည်ပြည်ဆိုင်ရာ အာကာသစခန်း၌ အာကာသယာဉ်မှူးများအနက်မှ အသက် ၅၈ နှစ်အရွယ် ဆူနီတာဝီလျံစ်နှင့် အသက် ၆၁ နှစ်အရွယ် ဘာရီဝီလ်မိုးတို့နှစ်ဦး နောက်နှစ်တွင် ကမ္ဘာမြေသို့ ပြန်လာခွင့်ရရန် သေချာသည်ဟု အမေရိကန်အာကာသစူးစမ်းလေ့လာရေးအဖွဲ့ အုပ်ချုပ်ရေးမှူး ဘီလ်နယ်လ်ဆင်က ဩဂုတ် ၂၄ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါအာကာသယာဉ်မှူးနှစ်ဦးသည် အပြည်ပြည်ဆိုင်ရာ အာကာသစခန်းသို့ စမ်းသပ်ပျံသန်းသွားရောက်သော ဘိုးရင်းကုမ္ပဏီထုတ် စတားလိုင်နာ အာကာသယာဉ်ပေါ်၌ စီးနင်းလိုက်ပါခဲ့သူများ ဖြစ်သည်။

အဆိုပါအာကာသယာဉ်သည် အပြည်ပြည်ဆိုင်ရာ အာကာသစခန်းနှင့် ချိတ်ဆက်မိပြီးနောက် ချွတ်ယွင်းသွားသဖြင့် ၎င်းတို့နှစ်ဦး ပြန်ရမည့်အချိန်ကာလ ကျော်လွန်ကာ ခရီးဖင့်နေခဲ့ခြင်း ဖြစ်သည်။

စက်တင်ဘာလကုန်ပိုင်း တွင် စပေ့စ်အိတ်ခ်စ်ကုမ္ပဏီက အပြည်ပြည်ဆိုင်ရာ အာကာသစခန်းသို့ အာကာသယာဉ်လွှတ် တင်ရာတွင် ထိုင်ခုံအလွတ်နှစ်ခုံ ဖြင့် ခရီးနှင်မည်ဖြစ်သည်။

ထိုအာကာသယာဉ် အပြန်တွင် ယင်းထိုင်ခုံအလွတ် နှစ်ခုံပေါ်၌ ဆူနီတာဝီလျံစ်နှင့် ဘာရီဝီလ်မိုးတို့ နှစ်ဦး ထိုင်ကာ ကမ္ဘာမြေသို့ စီးနင်းလိုက်ပါလာကြမည်ဖြစ်ကြောင်း သိရသည်။

**Mon**



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

# ပစ္စည်းဝင်ခိုးရင်း စာဖတ်နေသောသူခိုးကို အီတလီရဲတပ်ဖွဲ့ဝင်များ ဖမ်းဆီးရမိ

**ရောမ ဩဂုတ် ၂၅**


မကြာသေးမီက အီတလီနိုင်ငံ ရောမမြို့ ပရာတီရပ်ကွက်တွင် ညနေပိုင်း ပစ္စည်းဝင်ခိုးရင်း စာဖတ်နေမိခဲ့သောသူခိုးကို အီတလီရဲတပ်ဖွဲ့ဝင်များ ဖမ်းဆီးရမိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အသက် ၃၈ နှစ်အရွယ် သူခိုး စိတ်ဝင်တစားဖတ်နေခဲ့သည့် စာအုပ်မှာ ခြောက်နှာရီထိုးချိန် နတ်ဘုရားများဖြစ်သည်။

ယင်းစာအုပ်ကို ၎င်းကျကျနန ဖတ်မသွားရသဖြင့် လက်ဆောင်ပေးလိုသည်ဟု စာရေးဆရာ ဂျီယိုဗန်နီနွတ်ချီက ထုတ်ဖော်ပြောကြားကြောင်း သိရသည်။

**Mon**

0-0-0-0-0





# တယ်လီဂရမ်လူမှုကွန်ရက် အမှုဆောင်ချုပ် ပြင်သစ်နိုင်ငံ ဘူးရှေးလေဆိပ်တွင် ဖမ်းဆီးခံရ

**ပဲရစ် ဩဂုတ် ၂၅**

တယ်လီဂရမ်လူမှုကွန်ရက် အမှုဆောင်အရာရှိချုပ် ဖားဗဲလ်ဒူးရော့ဗ်သည် ပြီးခဲ့သည့် ဩဂုတ် ညနေခင်းပိုင်းက ပြင်သစ်နိုင်ငံ ပါးပါးပါးမြို့အနီးရှိ ဘူးရှေးလေဆိပ်၌ ဖမ်းဆီးခံခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ပြင်သစ်ရဲတပ်ဖွဲ့၏ ဖမ်းဝရမ်းထုတ်ခံထားရသူ ဒူးရော့ဗ်သည် ၎င်း၏ ကိုယ်ပိုင်ဂျက်လေယာဉ်ဖြင့် အဇာဘိုင်ဂျန်နိုင်ငံမှ ပြန်လာစဉ် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။

တယ်လီဂရမ်လူမှုကွန်ရက်၌ ရေးသားတင်ပြသည့် အကြောင်းအရာများကို ထိန်းညှိကွပ်ကဲမည့်သူမရှိရာမှ ရာဇဝတ်မှုများ အတားအဆီးမဲ့ ဖြစ်ပွားခဲ့ခြင်းအကြောင်းကို ဖော်ထုတ်ရန်အတွက် ပြင်သစ်ရဲတပ်ဖွဲ့က ၎င်းကို အဓိကထားစစ်ဆေးသွားမည်ဟု ဆိုသည်။

ယင်းအကြောင်းအရာများနှင့် ပတ်သက်၍ ရိုက်တာသတင်းဌာန၏ မေးမြန်းချက်များကို တယ်လီဂရမ်လူမှုကွန်ရက်မှ တာဝန်ရှိသူများက ဖြေကြားခြင်း မရှိသေးကြောင်း သိရသည်။

**WYN**

# ထိုင်းနိုင်ငံ ဖူးခက်ကျွန်း ကတဒေသတွင် မိုးသည်းထန်မြေပြို လူ ၁၀ ဦး သေဆုံး

**ဘန်ကောက် ဩဂုတ် ၂၅**

ထိုင်းနိုင်ငံ ဖူးခက်ကျွန်း ကတဒေသတွင် ယခင်အပတ်အတွင်းက မိုးသည်းထန်မြေပြိုမှု ဖြစ်ပွားရာ လူ ၁၀ ဦး သေဆုံးခဲ့သည်ဟု ဩဂုတ် ၂၄ ရက်၌ စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သေဆုံးသူများထဲတွင် မြန်မာနိုင်ငံသားတစ်ဦးနှင့် ရုရှားနိုင်ငံသား မောင်နှံနှစ်ဦးတို့ ပါဝင်ကြောင်း ဒေသခံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ယင်းမိုးသည်းထန်မြေပြိုမှုကြောင့် လူ ၁၀ ဦး သေဆုံးကာ ၁၉ ဦး ဒဏ်ရာရရှိခဲ့ပြီး ၃ ဦး ပျောက်ဆုံးနေသဖြင့် ရှာဖွေကယ်ဆယ်နေဆဲဖြစ်ကြောင်း သိရသည်။

**Mon**

# ဂျာမနီနိုင်ငံ၌ ဓားထိုးတိုက်ခိုက်မှု အဓိကသံသယရှိသူကို ရဲတပ်ဖွဲ့ဝင်များ တစ်ရက်အတွင်း လက်ရဖမ်းဆီးရမိ

**ဘာလင် ဩဂုတ် ၂၅**

ဂျာမနီနိုင်ငံ ဆိုလင်ဂျင်မြို့လယ်၌ ဖြစ်ပွားခဲ့သည့် ဓားထိုးတိုက်ခိုက်မှု အဓိကသံသယရှိသူကို ရဲတပ်ဖွဲ့ဝင်များ တစ်ရက်အတွင်း လက်ရဖမ်းဆီးနိုင်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မြို့တွင်းလုံခြုံရေးကင်မရာများနှင့် မျက်မြင်သက်သေများမှတစ်ဆင့် ဓားထိုးတိုက်ခိုက်မှုကျူးလွန်ပြီး ထွက်ပြေးသွားသူနောက်သို့ ဂျာမနီရဲတပ်ဖွဲ့ဝင်များ အပူတပြင်းလိုက်လံရှာဖွေခဲ့ရာ တပ်ဖွဲ့ဝင်အချင်းချင်း ချိတ်ဆက်မိအောင် လှုပ်ရှားပြီး လမ်းများကို လိုသလိုပိတ်ဆို့ကာ နောက်ဆုံးတွင် ၎င်းကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း ဂျာမနီမြောက်ပိုင်း ရိုင်း-အနောက်ဖာလီယာဒေသ ပြည်ထဲရေးဝန်ကြီး ဟားဘတ်ရူးလ်က ရှင်းလင်းပြောကြားသည်။

နိုင်ငံကူးပြောင်းလာသူများ စုဝေးနေထိုင်သည့် အဆောင်တစ်ဆောင်တွင် ၎င်းကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း ဒေသခံရဲတပ်ဖွဲ့ ပြောခွင့်ရသူက ရှင်းပြသည်။

အိုင်အက်စ်အုပ်စုက အဆိုပါသံသယရှိသူကို လူအုပ်ထဲ၌ ဓားထိုးတိုက်ခိုက်ရန် နောက်ကွယ်မှ စီစဉ်ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း အိုင်အက်စ် တယ်လီဂရမ်ချန်နယ်လ်တစ်ခုတွင် ဖော်ပြသည်။

ထိုသို့ ဖော်ပြထားသလိုဟုတ်မှန်ခြင်း ရှိ၊ မရှိ ဖော်ထုတ်သိရှိအရေးယူနိုင်ရန် ဂျာမနီရဲတပ်ဖွဲ့က ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

**Mon**



## ပလတ်စတစ်ညစ်ညမ်းမှု သိကောင်းစရာ အသိပညာပေးဆွေးနွေးပွဲ (Talk Show) ပြုလုပ်



**ကျောက်ဆည် ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာနတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနတို့ ပူးပေါင်းကာ ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက ပလတ်စတစ် ညစ်ညမ်းမှုအကြောင်း အသိပညာပေးဆွေးနွေးပွဲ(Talk Show)အစီအစဉ် ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက Talk Show ကျင်းပရသည့် ရည်ရွယ်ချက်ကိုရှင်းလင်းပြီး ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စိုးစံက ပလတ်စတစ်ရဲ့ အဓိပ္ပာယ်၊ ပလတ်စတစ်အသုံးပြုမှုအကြောင်း၊ ပလတ်စတစ်ညစ်ညမ်းမှုကြောင့် သဘာဝပတ်ဝန်းကျင်ပေါ် သက်ရောက်မှု၊ ပလတ်စတစ် ညစ်ညမ်းမှု မဖြစ်ပေါ်စေရန် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ ပလတ်စတစ်လျှော့ချသုံးစွဲပါက ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်း စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အသိပညာပေး ဆွေးနွေးပွဲ Talk Show အစီအစဉ်များ ရိုက်ကူးထုတ်လွှင့်ခြင်း အပါအဝင် ပြည်သူ့အသိပညာပေး ဝန်ဆောင်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး Talk Show အစီအစဉ်များကို ပြည်သူများအကျိုးရှိစေမည့် ခေါင်းစဉ်အလိုက် ရိုက်ကူးထုတ်လွှင့်ခြင်းအား လူထုအခြေပြုဗဟိုဌာန၌ လစဉ်ပုံမှန် ကျင်းပလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

စုစုအေး(ကျောက်ဆည်)



## မိုင်းရှူး-မိုင်းစံ-ကာလိ ကားလမ်းမကြီး တောင်မြေပြိုကျမှု ဖြစ်ပွား

**မိုင်းစံ ဩဂုတ် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့တွင် မိုင်းရှူး-မိုင်းစံ-ကာလိသွား ကားလမ်းမ မိုင်တိုင်အမှတ်(၆၆)ကီလိုမီတာ အနီး ကားလမ်းမကြီးပေါ်တွင် ယမန်နေ့ မွန်းလွဲ ၂ နာရီက တောင်မြေပြိုကျမှုကြောင့် ကားလမ်းများ ပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။

အဆိုပါ ကားလမ်းမကြီးပေါ်တွင် တောင်မြေပြိုကျမှုကြောင့် ကားလမ်းပိတ်ဆို့နေမှုအား မိုင်းစံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးပြည့်လှိုင်၏ ဦးဆောင်မှုဖြင့် မြို့နယ်လမ်းဦးစီးဌာနမှ လမ်းဦးစီးမှူး ဦးဝင်းလွင်နှင့်အဖွဲ့ဝင်များ၊ နယ်မြေရဲစခန်းမှ စခန်းမှူးကျော်စွာဝင်းနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးထွန်းလှိုင်ကျော်နှင့် တပ်ဖွဲ့ဝင်များ၊ အခြားဌာနဆိုင်ရာဝန်ထမ်းများက ဝိုင်းဝန်း၍ ကားလမ်းမပေါ်တွင် ပြိုကျနေသောမြေကြီးများ၊ သစ်ပင်များ၊ သစ်ကိုင်း၊ သစ်ခက်များကို ညနေ ၅ နာရီတွင် ရှင်းလင်းပြီးစီးခဲ့ပြီး ကားများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း မိုင်းစံမြို့နယ်အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၅**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Lipovitan-D အားဖြည့်အချိုရည် ပုလင်း ၉၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီးကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၂၃ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် LK 995 Silicone Sealant ကီလိုဂရမ် ၆၄၀၊ Plastic Scraps ကီလိုဂရမ် ၃၀၇၂၀၊ Happy Rose ကီလိုဂရမ် ၂၇၆၀၂ ဒသမ ၅၀၊ စိုက်ပျိုးရေးသုံးဖုန်းဆေး ၁၂၅ဘူးနှင့် Porcelain Tiles ၅၅၈ ဒသမ ၇၂ စတုရန်းမီတာ အပါအဝင် ကုန်ပစ္စည်းလေးမျိုးကို အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။ **(အောက်ဝဲပုံ)**

ထို့အတူ ဩဂုတ် ၂၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပလိပ်မြို့ မြို့အဝင် BOC ဆီဆိုင်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ခရီးဆောင်အိတ် ၂၅ လုံး၊ ထိုင်းနိုင်ငံထုတ် M-150 အားဖြည့် အချိုရည် ၁၇၅၅ဘူး အပါအဝင် ကုန်ပစ္စည်းနှစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Mini Bus တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၃ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ယင်းမာပင်မြို့နယ်အတွင်း၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၅၀၊ ရေနံချက်ဆီ ဂါလန် ၁၇၉၅၀ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ဆီဘောက်ဆာယာဉ် တိမ်းမှောက်

**ဆင်ပေါင်ဝဲ ဩဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ သာယာကုန်းကျေးရွာအနီးတွင် ဩဂုတ် ၂၃ ရက် နံနက် ၆ နာရီ ၃၅ မိနစ်ခန့်က ဆီဘောက်ဆာယာဉ်တစ်စီး တိမ်းမှောက်နေကြောင်း သတင်းရရှိသဖြင့် ဆင်ပေါင်ဝဲမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ အောင်လံမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ မီးလောင်မှုမဖြစ်ပွားစေရေးအတွက် အအေးပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ဆီတင်ယာဉ် တိမ်းမှောက်မှုကြောင့် လူထိခိုက်မှုမရှိကြောင်း သိရသည်။

(၀၄၅)

## မန္တလေးလမ်းတွင် သစ်ပင်လဲကျပြီး ဓာတ်ကြိုးပေါ်ကျ၍ ရှင်းလင်းဖယ်ရှားပေး

**နေပြည်တော် ဩဂုတ် ၂၅**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မန္တလေးလမ်းတွင် ဩဂုတ် ၂၄ ရက် နံနက် ၇ နာရီ ၁၀ မိနစ်ခန့်က မိုးရွာသွန်းပြီး လေတိုက်မှုကြောင့် လုံးပတ်သုံးပေခန့်၊ အမြင့် ၂၄ပေခန့်ရှိ ဘော့စကိုင်းပင်သည် လမ်းပေါ်လဲကျ၍ ဓာတ်ကြိုးပေါ်တွင် သစ်ကိုင်းများ ပိမိမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ဥတ္တရသီရိမြို့နယ် မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီး၊ ရှာဖွေကယ်ဆယ်ရေး သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ ဥတ္တရသီရိ စည်ပင်သာယာရေးအဖွဲ့များ သွားရောက်ရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ သစ်ပင်လဲကျမှုကြောင့် လူထိခိုက်မှုမရှိသော်လည်း ယာယီဓာတ်အား ပြတ်တောက်ခဲ့ကြောင်း သိရသည်။

(၀၄၅)

## မိုးရွာသွန်းပြီး ငလိုက်ချောင်းရေမြင့်တက်မှုကြောင့် ရပ်ကွက်များအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပွား

**နေပြည်တော် ဩဂုတ် ၂၅**

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်တွင် မိုးရွာသွန်းပြီး ငလိုက်ချောင်းရေမြင့်တက်မှုကြောင့် ဩဂုတ် ၂၄ရက် နံနက် ၇ နာရီဝန်းကျင်က ရေချိုရပ်ကွက်၊ ရွာကောက်ရပ်ကွက်အတွင်း ရေများဝင်ရောက်ခဲ့ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါရေဝင်ရောက်သည့် ရပ်ကွက်များသို့ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုကူညီရေးအသင်းတို့သည် သယ်ယူပို့ဆောင်ရေးလှေတစ်စီးဖြင့် သွားရောက်၍ ရပ်ကွက်အတွင်း နေထိုင်သူများအား ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြပြီး ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အမှိုက်သရိုက်များ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။



အလားတူ မိုးရွာသွန်းပြီး ဥတ္တရသီရိမြို့နယ်အတွင်း ဈေး၊ နေအိမ်များအတွင်း ရေများဝင်ရောက်သဖြင့် ဥတ္တရသီရိခရိုင် မီးသတ်စခန်းမှ ဦးစီးအရာရှိနှင့် တပ်ဖွဲ့ဝင်များနှင့် ပုဗ္ဗသီရိနယ်မြေ မီးသတ်စခန်းမှတပ်ဖွဲ့ဝင်များသည် ရှာဖွေကယ်ဆယ်ရေးယာဉ်များဖြင့် ရေများစုပ်ထုတ်ခြင်း၊ ရွှံ့နွံများ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)(၀၅၇)

# အမျိုးသားများနှင့် ဆီးကျိတ်ရောင်ရောဂါ

'ယောကျ်ားမှာဆီး၊ မိန်းမမှာမီး' ဟူသော ဆိုရိုးစကားအတိုင်း အမျိုးသားများကို ဒုက္ခပေးလေ့ရှိသော ဆီးကျိတ်ကို ဆေးသိပ္ပံနည်းအရ prostate gland (သုတ်ရည်ဂလင်း) ဟု ခေါ်ပါတယ်။ ဆီးကျိတ်ဟာ သစ်ကြားသီးအရွယ်ခန့်ရှိကာ ဆီးအိမ်၏ အောက်ခြေတွင်တည်ရှိပြီး လိင်ကျန်းမာရေးနှင့် မျိုးဆက်ပွားခြင်းတို့အတွက် အရေးပါသော အကျိတ်ဖြစ်ပါတယ်။ သုတ်လွှတ်နေစဉ် ၄င်းအကျိတ်မှ အဖြူရောင်သုတ်ရည်ကို ထုတ်ပေးပါတယ်။ လူတို့တွင် အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ ခန္ဓာကိုယ်အတွင်းရှိ အခြားအင်္ဂါအဖွဲ့အစည်းများနှင့် ဂလင်းများကလိုက်၍ ကြီးထွားလာခြင်း မရှိတတ်ကြသော်လည်းဘဲ သုတ်ရည်ဂလင်းကမူ ဆက်လက်ကြီးထွားဆဲဖြစ်ပါတယ်။ ၄င်းဂလင်းအရွယ်အစားဟာ ဝှေးစေ့မှထွက်ရှိသော ဟော်မုန်းဓာတ်ပမာဏပေါ် မူတည်ပါတယ်။

သက်လတ်ပိုင်းအရွယ်ရောက်ရှိလာသော အမျိုးသားတစ်ယောက်တွင် ဆီးကျိတ်ပြဿနာ ဖြစ်ပေါ်လာနိုင်ခြေ အလွန်များပါတယ်။ အသက် ၃၀ နှင့် ၅၀ အကြားရှိ အမျိုးသားများတွင် မကြာခဏ ဆီးကျိတ်ရောင်ရမ်းခြင်း ဖြစ်ပေါ်တတ်ပြီး ပျမ်းမျှအသက် ၈၀ အရွယ် အမျိုးသားများ ၉၀ ရာခိုင်နှုန်းမှာ ဆီးကျိတ်ကင်ဆာကို ခံစားရလေ့ရှိပါတယ်။ ရောဂါဖြစ်လာမှ ကုသခြင်းထက် ဖြစ်လာနိုင်ခြေ နည်းနိုင်သမျှနည်းအောင် ကြိုးစားအားထုတ်သင့်ပါတယ်။ ဒါကြောင့် ဆီးသွားရာတွင် ပုံမှန်အနေအထားမဟုတ်တော့ဘဲ ထူးခြားသည့်လက္ခဏာ တစ်စုံတစ်ရာဖြစ်လာသောအခါတွင်လည်းကောင်း၊ ဆီးကျိတ်ရောင်ရမ်းသောအခါတွင်လည်းကောင်း ဆရာဝန်နှင့် ပြသင့်ပါတယ်။ ထိုသို့ ရောင်ရမ်းခြင်းဟာ ဘက်တီးရီးယားပိုးကြောင့် ရောင်ရမ်းနိုင်သလို ဘက်တီးရီးယားကြောင့်မဟုတ်ဘဲ အခြားပြဿနာကြောင့်လည်း ရောင်ရမ်းနိုင်ပါတယ်။

**နာတာရှည်ဆီးကျိတ်ရောင်ရောဂါ လက္ခဏာများ**

အသက် ၄၀ ကျော် အမျိုးသားများတွင် ဝှေးစေ့မှထွက်သော ဟော်မုန်းဓာတ်လျော့နည်းသွားသောကြောင့် ဆီးကျိတ်မှာ စတင်၍ ရောင်ရမ်းကြီးထွားလာတတ်ကြပါတယ်။ ထိုအခြေအနေမျိုးတွင် ဆီးပြတ်တောင်း ပြတ်တောင်းသွားခြင်း၊ ဆီးသွားရာ၌ အားမရခြင်းနှင့် ဆီးအိမ်ထဲတွင် ဆီးများကျန်နေသေးသည်ဟု ခံစားရခြင်း စသည်ကဲ့သို့ ပိတ်ဆို့သည့်လက္ခဏာများ ဖြစ်လာတတ်ပါတယ်။

တချို့အမျိုးသားများတွင် အထက်ဖော်ပြပါ လက္ခဏာများနှင့် ဆန့်ကျင်ဘက်ဖြစ်သော ဆီးပမာဏထွက်ရှိမှု များပြားလာခြင်း၊ ဆီးသွားလိုစိတ်ပြင်းပြခြင်းနှင့် ဆီးသွားနေစဉ် ဆီးအိမ်နာကျင်ခြင်း စသည့် လက္ခဏာတို့လည်း ဖြစ်တတ်ပါတယ်။

ဆီးကျိတ် ကြီးထွားရောင်ရမ်းလာသောအခါ ကျောက်ကပ်တွင်ကျောက်တည်ခြင်းနှင့် ဆီးမထိန်းနိုင်ခြင်း စသည့်ပြဿနာများ ဖြစ်လာနိုင်ပါတယ်။

ဆီးသွားရန်ခက်ခဲခြင်း၊ ဆီးကျင်ခြင်း၊ ဆီးအောင့်ခြင်း၊ မနက်အိပ်ယာထချိန်တွင် ဆီးလမ်းကြောင်းမှ ကျိချွဲရည်များ ထွက်ခြင်း၊ ဆီးသွားရာတွင် အနည်ပါခြင်း၊ ဝမ်းသွားရာတွင် အဖြူဖတ်များပါခြင်း၊ အခြေအနေဆိုးရွားပါက ဆီးမသွားနိုင်ခြင်း၊ ဆီးသွားလျှင် သွေးပါခြင်းတို့ ဖြစ်ပေါ်နိုင်ပါတယ်။

ဆီးကျိတ်ရောင်ရောဂါ လက္ခဏာတစ်စိတ်တစ်ပိုင်းအဖြစ် စအိုနှင့် စအိုပတ်လည်တွင် မအီမသာဖြစ်ခြင်း၊ အောင့်ခြင်း၊ ဝမ်းသွားရန်ခက်ခဲခြင်းတို့ ဖြစ်ပေါ်နိုင်ပါတယ်။

ဆီးကျိတ်နှင့် သုတ်ရည်အိတ်တို့ဟာ အာရုံကြောများဖြင့် ဆက်သွယ်ထားတာကြောင့် ဆီးကျိတ်ရောင်သောအခါ သုတ်လွှတ်စဉ် နာကျင်ခြင်း၊ ခါးနာခြင်းနှင့် ခါးအောက်ပိုင်း၊ ဝမ်းဗိုက်၊ လိင်တံ၊ စအို၊ အူမကြီး၊ တင်ပါးနှင့် ပေါင်တံအထိ နာကျင်ခြင်းတို့ ဖြစ်ပေါ်နိုင်ပါတယ်။

ကာမစိတ်လျော့နည်းခြင်း၊ သုတ်ကျရောဂါ၊ သုတ်လွှတ်မြန်ခြင်း၊ အာရုံကြောအားနည်းခြင်းနှင့် စိတ်ကျရောဂါတို့ ဖြစ်ပေါ်နိုင်ပါတယ်။

ဆီးလမ်းကြောင်းမှ ဘက်တီးရီးယားပိုးဝင်၍ ဆီးကျိတ်ရောင်ရမ်းတတ်ပါသေးတယ်။ ထိုအချိန်တွင် အဖျားတက်ခြင်း၊ ချမ်းစိမ့်စိမ့်ဖြစ်ခြင်း၊ ကြွက်သားများ ကိုက်ခဲနာကျင်ခြင်း၊ လိင်အင်္ဂါနာကျင်ခြင်းနှင့် ဆီးသွားရာ၌ ပုံမှန်မဖြစ်ခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပေါ်လာတတ်ပါတယ်။

နာတာရှည်ဆီးကျိတ်ပိုးဝင်ခြင်းကြောင့် ဖြစ်ပွားနိုင်သော နောက်ဆက်တွဲရောဂါများမှာ မျက်ဝန်းရောင်ခြင်း၊ အဆစ်အမြစ်ရောင်ခြင်း၊ အာရုံကြောရောင်ခြင်း စသည်တို့ ဖြစ်ပွားတတ်ပြီး မျက်စိကိုက်ပြီး မျက်စိမှုန်ခြင်း၊ မျက်လုံးအားနည်းခြင်း၊ မူးဝေခြင်း၊ အိပ်မပျော်ခြင်းနှင့် စိတ်ကျရောဂါ စသည့် အာရုံကြောဆိုင်ရာတို့ ဖြစ်ပွားနိုင်ပါတယ်။

ဘက်တီးရီးယားပိုးကြောင့်မဟုတ်ဘဲ ဆီးကျိတ်ရောင်ရမ်းလာသောအခါတွင်လည်း အလားတူ အထက်ပါ ရောဂါဝေဒနာများအတိုင်း ခံစားကြရပါတယ်။ သို့သော် ရောဂါကူးစက်ခြင်းဖစ်မြစ်ကို အဖြေရှာရန် ခက်ခဲပါလိမ့်မယ်။

သုတ်ရည်ဂလင်း ကြီးထွားရောင်ရမ်းခြင်းဝေဒနာဟာ အသက်ကို ခြိမ်းခြောက်အန္တရာယ်ပြုသည်ဟု မဆိုလိုသော်လည်း အမျိုးသားများ၏ ဘဝသက်တမ်းကိုတော့ ထိခိုက်စေသည်မှာ ဇောက်မလွဲဖြစ်ပါတယ်။ အထက်ပါ အခြေအနေမျိုးတွင် ဆရာဝန်နှင့် ဆွေးနွေးတိုင်ပင်ပြီး၊ ထိရောက်စွာဆေးဝါးကုသမှုခံယူရပါမယ်။ အကယ်၍ သင့်မှာ အဆိုပါရောဂါလက္ခဏာများ မပြသေးသော်လည်း သင့် အသက် ၄၀ ရောက်ချိန်တွင် သုတ်ရည်ဂလင်းအခြေအနေကို ပုံမှန်စစ်ဆေးသင့်ပါတယ်။

**ဆီးကျိတ်ရောင်ရောဂါအတွက် ကြိုတင်ကာကွယ်ခြင်း**

အီတလီနိုင်ငံတွင် နာတာရှည်ဆီးကျိတ်ရောင်ဝေဒနာ ခံစားနေရသူ အမျိုးသား ၂၃၁ ဦးခန့်ကို အုပ်စု နှစ်စုခွဲ၍ ယခုလို လေ့လာခဲ့ပါတယ်။ အုပ်စုအေကို လမ်းသွက်သွက်လျှောက်ခြင်းနှင့် အေရိုးဘစ်လေ့ကျင့်ခန်းများ ပြုလုပ်စေပြီး အုပ်စုဘီကိုတော့ ထိုင်ထလုပ်ခြင်းနှင့် အိပ်ထမတင် လေ့ကျင့်ခန်းများ ပြုလုပ်စေပါတယ်။ ၄င်းအုပ်စု နှစ်စုလုံးကို ရက်သတ္တပတ်လျှင် သုံးရက်တိတိ နာရီဝက်ကျော်ကြာ ပြုလုပ်စေခဲ့ပါတယ်။ အဖြေထွက်ရှိမှုရလဒ်အဖြစ် လမ်းသွက်သွက်လျှောက်ခြင်းနှင့် အေရိုးဗစ်လေ့ကျင့်ခန်းများ ပြုလုပ်သော အုပ်စုအေအဖွဲ့က သိသိသာသာ ဆီးကျိတ်ရောင်သက်သာလာတာကို တွေ့ရပါတယ်။ ဒါကြောင့် ဆီးကျိတ်ရောင်ရောဂါ ကြိုတင်ကာကွယ်သည့်အနေဖြင့် ၄င်းလေ့ကျင့်ခန်းတို့ကို မှန်မှန်လုပ်ပေးသင့်ပါတယ်။

**ဆီးကျိတ်ရောင်ရောဂါအတွက် အကောင်းဆုံးအစားအစာများ**

အာဟာရပြည့်ဝစွာ စားသောက်ခြင်းကလည်း ဆီးကျိတ်ရောင်ရောဂါဝေဒနာကို တစ်ဖက်တစ်လမ်းမှ ဟန့်တားကာကွယ်ပေးပါတယ်။

ဆီးကျိတ်ကင်ဆာလူနာအမျိုးသားများအနေဖြင့် အသားနှင့် နို့ထွက်ပစ္စည်းစားသုံးမှုကို လျှော့ချ၍၊ အပင်အခြေခံ အစားအစာများကို များများစားသုံးပါက ပန်းသေပန်းညှိုးပြဿနာ ဖြစ်ပေါ်လာနိုင်ခြေ၊ ဆီးမထိန်းနိုင်ခြေနှင့် ကုထုံးများနှင့် ဆက်စပ်နေသည့် အခြားဘေးထွက်ဆိုးကျိုးများ ခံစားရနိုင်ခြေ နည်းပါးသွားကြောင်း၊ အသီးအရွက် အများဆုံးစားသုံးသူများက အနည်းဆုံး စားသုံးသူများထက် ဆီးလမ်းကြောင်း ကျန်းမာရေး ၁၄ ရာခိုင်နှုန်း ပိုကောင်းကြောင်း၊ အပင်ထွက် အစားအစာများကို အဝစားသုံးမှုက အမျိုးသားများ၌ သုတ်ရည်ဂလင်းအိတ် ကင်ဆာရောဂါ ဖြစ်နိုင်ခြေ လျှော့ချနိုင်ကြောင်း အမေရိကန်ကျန်းမာရေးသုတေသီများက တွေ့ရှိထားပါတယ်။

ဟင်းလျာများကို သံလွင်ဆီ၊ မြေပဲဆီတို့ကဲ့သို့ မပြည့်ဝဆီဖြင့်သာ ချက်ပြုတ်စားသောက်ပါ။

မက္ကရယ်ငါးနှင့် ဆယ်လ်မွန်ငါးတို့တွင် အိုမီဂါ-၃ ဖက်တီးအက်ဆစ်များ ကြွယ်ဝစွာပါရှိသောကြောင့် ဆီးကျိတ်ကင်ဆာရောဂါကို အစွမ်းကုန် တိုက်ထုတ်ပေးနိုင်ပါတယ်။

ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ကြက်သွန်မြိတ်နှင့် ပဲပုပ်တို့တွင်ပါရှိသော Allyn ဆာလ်ဖာဓာတ်က နာတာရှည် ဆီးကျိတ်ရောင်ရောဂါကို တိုက်ထုတ်ပေးနိုင်သော အစွမ်းသတ္တိများစွာပါရှိပါတယ်။

ဆီးကျိတ် ကြီးထွားရောင်ရမ်းသောအခါတွင် ကန်စွန်းရွက်ကိုထောင်း၍ ရောင်ရမ်းသောနေရာတွင် အုံပေးခြင်းဖြင့် သက်သာပျောက်ကင်းစေပါတယ်။

သွေးထဲတွင် ကိုလက်စထရောများပြားခြင်းအတွက် သွေးတွင်းအဆီကျဆေး(statin)များကို သောက်သုံးနေရသော အမျိုးသားများမှာ ဆီးကျိတ်ကင်ဆာ ပိုမိုဆိုးရွားနိုင်ခြေ နည်းပါးကြောင်းကိုလည်း တွေ့ရှိရပါတယ်။

ဘရိုကိုလီ(ခေါ်)အစိမ်းရောင်ပန်းဂေါ်ဖီထဲမှာ ဆီးကျိတ်ကင်ဆာကို တိုက်ထုတ်ပေးနိုင်သော sulforaphane နှင့် indoles အစွမ်းသတ္တိတွေ ပါရှိနေကြပါတယ်။ ၄င်းမျိုးနွယ်တူ ပန်းဂေါ်ဖီအဖြူ၊ ကိုက်လန်၊ အစိမ်းရောင် ပန်းငရုတ်ပွနှင့် ဟင်းသီးဟင်းရွက်များကလည်း ဆီးကျိတ်ရောင်ရောဂါကို ကောင်းကျိုးပြုပေးနိုင်ပါတယ်။

ငရုတ်သီးထဲရှိ Capsaicin အစွမ်းက ဆီးကျိတ်ရောင်နာကျင်မှုဝေဒနာကို သက်သာစေတဲ့အပြင် ဆီးကျိတ်ကင်ဆာဆဲလ်များကို သတ်ပေးနိုင်ပါတယ်။

လက်ဖက်စိမ်းရွက်က ဆီးကျိတ်ရောင်ခြင်းကို လျှော့ချပေးနိုင်ပါတယ်။

shiitake မှိုထဲမှာပါတဲ့ lentinan ဓာတ်က ဆီးကျိတ်အဖုအရွယ်အစားတွေကို ကျုံ့သွားစေနိုင်စွမ်းရှိပါတယ်။

သလဲသီးနှင့် ရွှေဖရုံသီးအစေ့တို့က ဆီးကျိတ်ကင်ဆာဆဲလ်များ ကြီးထွားလာမှုကို နှေးကွေးစေအောင် ကူညီထောက်ပံ့ပေးနိုင်ပါတယ်။

ခရမ်းချဉ်သီးထဲရှိ lycopene ဓာတ်က ဆီးကျိတ်ရောင်ရောဂါနှင့် ကင်ဆာဖြစ်နိုင်ခြေ အလားအလာတို့ကို လျှော့ချပေးနိုင်ပါတယ်။ ဖရဲသီး၊ တရုတ်ဆီးသီး၊ ပန်းရောင်ဂရိတ်ဖရုသီးနှင့် သင်္ဘောသီးတို့တွင်လည်း lycopene ဓာတ် ပါရှိနေပါတယ်။

နနွင်းမှုန့်ထဲရှိ curcumin ဓာတ်က ဆီးကျိတ်ကင်ဆာဆဲလ်များကို တိုက်ထုတ်ပေးနိုင်ပါတယ်။

ဇင့်ဓာတ်ကြွယ်ဝတဲ့ နှမ်းက ဆီးကျိတ်ရောင်ရောဂါကို ၇၅ ရာခိုင်နှုန်းထိ လျော့ပါးသက်သာစေပါတယ်။

beta-sitosterol ဓာတ်ပေါင်းစု အမြောက်အမြားပါရှိသော ထောပတ်သီးက ဆီးကျိတ်ကိုကျန်းမာစေပြီး၊ ဆီးကျိတ်ဝေဒနာအမျိုးမျိုးအတွက် ဆေးဖက်ဝင်လှပါတယ်။ သစ်ဆိမ့်သီးတွင်လည်း ၄င်းဓာတ်ပေါင်းစု ပါရှိနေပါတယ်။

**ဆီးကျိတ်ရောင်ရောဂါအတွက် ရှောင်ရန်အစားအစာများ**

* ညနေစောင်းပိုင်းမှစ၍ အရည်ကို ယခင် ပုံမှန်သောက်သုံးခြင်းထက် ယခု အနည်းငယ် လျှော့သောက်ပါ။

* အရက်သေစာ သောက်စားခြင်းကို ရှောင်ရှားပါ။

* ကဖိန်းဓာတ်ပါသော အရည်များကို မသောက်ပါနှင့်။

* ဆီးရှင်ဆေးကဲ့သို့သော ဆီးဆေးများကို သောက်သုံးခြင်း မပြုသင့်ပေ။

* အနီရောင်အသားများဖြစ်ကြတဲ့ အမဲ၊ ဝက်၊ ဆိတ်သားတို့ကို အတိုင်းအတာ သင့်တင့်ရုံမျှသာ စားပါ။ ၄င်းအသားတို့ဖြင့် တာရှည်ခံအောင် ပြုပြင်ပြောင်းလဲထားသော အသားလုံး၊ အသားပြားတွေကိုလည်း ရှောင်ရှားပါ။

* အဆီအများအပြားပါဝင်သော အသားများ၊ နို့ခဲ၊ ဒိန်ခဲများကို လွန်ကဲစွာစားသုံးလေ့ရှိသော အမျိုးသားများမှာ ပိုမိုဆိုးရွားတဲ့ ဆီးကျိတ်ကင်ဆာဖြစ်လာနိုင်ခြေ ပို၍ မြင့်မားပါတယ်။

* ပြည့်ဝဆီ မြင့်မားစွာပါရှိသော အစားအစာများနှင့် တိရစ္ဆာန်ထွက် ဆီ(အဆီ)များကို ရှောင်ပါ။

* သကြားအချိုတို့ဖြင့် ဖန်တီးထားသော အချိုရည်များ၊ ဆိုဒါတို့ကို ရှောင်ပါ။

* ဆား(အငန်) လျှော့စားပါ။ တာရှည်ခံအောင် အငန်ဓာတ်ဖြင့် ပြုပြင်ထားသော သံဘူး၊ အသားဘူးတို့ကို ရှောင်ပါ။

အချုပ်အားဖြင့်ဆိုရသော် အမေရိကန်နိုင်ငံအမျိုးသားကျန်းမာရေးအင်စတီကျုမှ သုတေသီများ၏ လေ့လာချက်အရ Pheny-lacetyl glutamine (ခေါ်) မော်လီကျူးတစ်မျိုး အစာခြေလမ်းကြောင်းစနစ်အတွင်း စုစည်းမှုမြင့်မားနေသော အမျိုးသားများတွင် ပြင်းထန်သည့် ဆီးကျိတ်ကင်ဆာဖြစ်နိုင်ခြေ ပုံမှန်ထက် နှစ်ဆမှ သုံးဆထိ မြင့်မားနေတတ်ကြောင်း၊ အသား၊ ပဲ၊ ပဲပိစပ်တို့တွင် တွေ့ရသော အမိုင်နိုအက်ဆစ်တစ်မျိုးကို အစာခြေလမ်းကြောင်းအတွင်းရှိ ဗက်တီးရီးယားများက ဖြိုခွဲပစ်ချိန်တွင် Phenylacetyl glutamine မော်လီကျူးများ ထွက်ပေါ်လာတတ်ကြောင်း၊ ယင်းမော်လီကျူးများ စုစည်းမှုမြင့်မားနေသူများတွင် ပြင်းထန်သည့် ဆီးကျိတ်ကင်ဆာ ဖြစ်နိုင်ခြေ မြင့်မားတတ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ပါတယ်။ ဒါကြောင့် ဆီးကျိတ်ကင်ဆာ သံသယရှိသောအမျိုးသားများအနေဖြင့် အနီရောင်ခြေလေးချောင်း အသားများ၊ ပဲနှင့် ပဲပိစပ်တို့ကို ရှောင်ရှားသင့်ပါတယ်။

အမျိုးသားအားလုံး နာတာရှည် ဆီးကျိတ်ရောင်ရောဂါကြောင့်ဖြစ်သော ဆီးကျိတ်ကင်ဆာဘေးမှ ကင်းဝေးစေရန်အတွက် ကျန်းမာရေး အသိ၊ သတိဖြင့် နေထိုင်ကြစေလိုပါကြောင်း စာရေးသူမှ ဤဆောင်းပါးဖြင့် အကြံပြုရေးသားလိုက်ရပါသည်။

စေတနာများစွာ–

**တင်ထက်ထက်ဇော်**

# နိုင်ငံတကာ အားကစား သတင်းများ

## 2024 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Lorenzo Sonego ဆွတ်ခူး



**ဝါရှင်တန် ဩဂုတ် ၂၅**

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် ၂၀၂၄ Winston-Salem Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အီတလီ တင်းနစ်ကစားသမား Lorenzo Sonego က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ အီတလီတင်းနစ်ကစားသမားLorenzo Sonego သည် 2024 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ အဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား Alex Michelsen အား ၆-၀၊ ၆-၃ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အသက် (၂၉) နှစ်အရွယ်ရှိ Lorenzo Sonego က ' ကျွန်တော် အခုလို 2024 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေနဲ့ အသင်းအောင်မြင်မှုများ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ' ဟု ပြောသည်။

(ဝဲပုံ)

(NGB)

0-0-0-0-0-0-0

## ဆာဂျီရောဘတ်တိုအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ကိုမိုအသင်း ခေါ်ယူ



**တူရင် ဩဂုတ် ၂၅**

စီးရီးတန်းတက်ကလပ် ကိုမိုအသင်းသည် ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား ဆာဂျီရောဘတ်တိုအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ၂နှစ်+၁နှစ် စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက် (၃၂) နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အသင်းအရွယ်ပိုင်းရရှိပြီဖြစ်သော်လည်း ခြေစွမ်းပိုင်းကျဆင်းခြင်း မရှိသေးသည့်အပြင် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၁၀-၂၀၁၁မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၇၃ ပွဲ ကစားပြီး ၁၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ကိုမိုအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ကိုမိုအသင်းထုတ်ပြန်ချက်တွင် 'ဆာဂျီရောဘတ်တိုအား ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကိုများစွာ ပံ့ပိုးကူညီပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ' ဟု ထုတ်ပြန်သည်။

(အပေါ်ပုံ) (NGB)

## ဂျိုအာကင်းအန်ဒါဆင် ဖူလ်ဟမ်အသင်းတွင် ကျောနံပါတ် ၅ ဂျာစီအား ဝတ်ဆင်ကစားမည်

**လန်ဒန် ဩဂုတ် ၂၅**

နောက်ခံကစားသမားသစ် ဂျိုအာကင်းအန်ဒါဆင်ဖူလ်ဟမ်အသင်းတွင် ကျောနံပါတ် ၅ ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

အသက် (၂၈) နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ခရစ္စတယ်ပဲလေ့စ်အသင်းမှ ဖူလ်ဟမ်အသင်းသို့ စတာလင်ပေါင် သန်း ၃၀ ဖြင့် ၅နှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။



နောက်ခံကစားသမား ဂျိုအာကင်းအန်ဒါဆင်သည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၂ပွဲ ကစားပြီး ၃ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖူလ်ဟမ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

(ဝဲပုံ)

ဖူလ်ဟမ်အသင်းသည် လက်ရှိ ဈေးကွက်အတွင်းတွင် ကစားသမား ၅ ဦးအထိ ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။

(NGB)



## ဂျူဒ်ဘယ်လင်ဟမ် ကြွက်သားဒဏ်ရာကြောင့် နှစ်လနီးပါးခန့် အနားယူရဖွယ် ရှိ

**မက်ဒရစ် ဩဂုတ် ၂၅**

ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ဂျူဒ်ဘယ်လင်ဂမ် ကြွက်သားဒဏ်ရာကြောင့် နှစ်လနီးပါးခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် မာယော့ကာအသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား ဂျူဒ်ဘယ်လင်ဟမ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအတွက် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက် (၂၁) နှစ်အရွယ်ရှိ ဂျူဒ်ဘယ်လင်ဟမ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၄ပွဲ ကစားပြီး ၂၃ ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

(အပေါ်ပုံ)

(NGB)

## ဆမူအိုမိုရိုဒီယန်အား ပေါ်တိုအသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၂၅**

ပေါ်တိုအသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်း လူငယ်တိုက်စစ်မှူး ဆမူအိုမိုရိုဒီယန်အား ယူရို ၁၅ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ တိုက်စစ်မှူးသည် ပေါ်တိုအသင်းတွင် ကျောနံပါတ် ၉ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။



တိုက်စစ်မှူး ဆမူအိုမိုရိုဒီယန်သည် ပြီးခဲ့သည့် ဘောလုံးရာသီက အက်သလက်တီကိုမက်ဒရစ်အသင်းမှ အလာဗက်စ်အသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၃၅ပွဲကစားကာ ၈ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပေါ်တိုအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက် (၂၀) နှစ်အရွယ်ရှိ ဆမူအိုမိုရိုဒီယန်က 'ကျွန်တော် ပေါ်တိုအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော်ကို နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ပေါ်တိုအသင်း အောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ' ဟု ပြောသည်။

(အပေါ်ဝဲပုံ) (NGB)

### ဘောလုံးသတင်းအတိုအထွာများ

* လက်စတာစီးတီးအသင်းသည်ခရစ္စတယ်ပဲလေ့စ်အသင်း တိုက်စစ်မှူး ဂျော်ဒန်အာယူးအား ၂နှစ် စာချုပ်ဖြင့် ခေါ်ယူခဲ့သည်။

* အသင်းလက်မဲ့ ဖြစ်နေသော ကိုလံဘီယာလက်ရွေးစင်အသင်းတိုက်စစ်မှူးဂျိမ်းရိုဒရီဂွက်ဇ်သည် စပိန်လာလီဂါသို့ ပြောင်းရွှေ့ကစားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။(NGB)

## ဆာကာ ပရီးမီးယားလိဂ်နိုင်ပွဲ ၁၀၀ ပြည့်မြောက်သည့် တတိယမြောက်အသက်အငယ်ဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်

**လန်ဒန် ဩဂုတ် ၂၅**

အာဆင်နယ်အသင်း တောင်ပံကစားသမား ဆာကာ (အသက် ၂၂နှစ်၊ ၃၅၄ရက်)သည် ရွန်နီ၊ ဖာဘရီဂတ်တို့ နောက်ပိုင်းအသင်းနှင့် ပရီးမီးယားလိဂ်နိုင်ပွဲ ၁၀၀ ပြည့်မြောက်သည့် တတိယမြောက် အသက်အငယ်ဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းက အက်စတွန်ဗီလာအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်အား ပါဝင်ကစားပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

တောင်ပံကစားသမား ဆာကာသည် အာဆင်နယ်အသင်းနှင့် အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပရီးမီးယားလိဂ်ပွဲစဉ် ၁၇၂ပွဲကစားကာ ၄၈ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

အသက် (၂၂) နှစ်အရွယ်ရှိ ဆာကာက 'ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုမှတ်တမ်းတွေနဲ့ အသင်းအောင်မြင်မှုများ ရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ' ဟု ပြောသည်။

(အောက်ပုံ) (NGB)




### အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၆-၈-၂၀၂၄ တနင်္လာနေ့ | ည ၁၁:၀၀နာရီ | ကက်ဂလီယာရီ - ကိုမို (D) (L) | ________ |
| ၂၇-၈-၂၀၂၄ အင်္ဂါနေ့ | နံနက် ၀၁:၁၅ နာရီ | ဗီရိုနာ - ဂျူဗင်တပ် (W) (W) | ဗီရိုနာ ၂-၂ ဂျူဗင်တပ်<br>ဂျူဗင်တပ် ၁-၀ ဗီရိုနာ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၇-၈-၂၀၂၄ အင်္ဂါနေ့ | နံနက် ၀၂:၀၀ နာရီ | ဗီလာရီးရဲလ် - ဆယ်လ်တာဗီဂို (D,W) (W,W) | ဗီလာရီးရဲလ် ၃-၂ ဆယ်လ်တာဗီဂို<br>ဆယ်လ်တာဗီဂို ၃-၂ ဗီလာရီးရဲလ် |

### ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(နောက်ဆုံး ၅ပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၆-၈-၂၀၂၄ တနင်္လာနေ့ | ညနေ ၃:၃၀ နာရီ (ရန်ကုန်ကွင်း) | (၁၂)ရခိုင် - ရှမ်း(၁၉) (L,D,L,L,L) (W,D,W,W,L) | ရခိုင် ၁-၂ ရှမ်း<br>ရှမ်း ၃-၀ ရခိုင် |



## ပြည်နယ်အဆင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပ

**တောင်ကြီး ဩဂုတ် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမဆောင်၌ ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီခွဲက ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်၊ ပြည်နယ်အဆင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကားပြောကြားရာမှာ ကျောင်းသားလူငယ်များဟာ နောင်အနာဂတ်မှာ နိုင်ငံတော်အတွက် အရေးပါသော အင်အားတစ်ရပ်ဖြစ်တဲ့အတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး စွမ်းရည်ထက်မြက်တဲ့ နိုင်ငံ့သားကောင်းရတနာများဖြစ်လာစေဖို့ရာ စာသင်ကျောင်းများက အစပြုတာ ဖြစ်ပါကြောင်း၊ ကာယဗလ၊ ဉာဏဗလ၊ မိတ္တဗလ၊ စာရိတ္တဗလ၊ ဘောဂဗလ အစရှိတဲ့ ဗလငါးတန်နဲ့ ပြည့်စုံသူတစ်ယောက်ဖြစ်ဖို့ရာ ကျောင်းကနေစတင်ပြီး လေ့ကျင့်ပျိုးထောင်ပေးရမှာဖြစ်တဲ့အတွက် ကျန်းမာရေးဌာနဟာ ပညာရေးဌာနနဲ့ ပူးပေါင်းပြီး ကျောင်းသားလူငယ်တွေ ကျန်းမာရေးအဆင့်အတန်းတိုးတက်မြင့်မားစေဖို့၊ ကျန်းမာရေးနဲ့ ညီညွတ်တဲ့အလေ့အကျင့်ကောင်းများရရှိ ကျင့်သုံးနိုင်စေဖို့နဲ့ ကျန်းမာပျော်ရွှင်တဲ့ ပညာသင်ယူမှုပတ်ဝန်းကျင်ကောင်း ဖန်တီးနိုင်စေဖို့အတွက် ကျန်းမာရေးအဆင့်မြင့်ကျောင်းလုပ်ငန်းစဉ်များအား ချမှတ်ဆောင်ရွက်လျက်ရှိတဲ့အပြင် ကျန်းမာရေးအဆင့်မြင့်ကျောင်းများကိုလည်း ထူထောင်လျက်ရှိပါကြောင်း ထည့်သွင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်က ကျောင်းကျန်းမာရေးလုပ်ငန်းများအား ရှင်းလင်းတင်ပြပြီး ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ် Video Clip ပြသသည်။

၎င်းနောက် ပြည်နယ်အဆင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအလိုက် ကျန်းမာရေးအဆင့်မြင့်ကျောင်းတည်ထောင်မှုထူးချွန်ဆုရရှိသော ကျောင်းများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအတွက် လှူဒါန်းပေးကြသော အလှူရှင်များအား ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

၎င်းနောက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက Exercise is Medicine သီချင်းဖြင့် သရုပ်ဖော်တင်ဆက်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ကျောင်းကျန်းမာရေးပြခန်း၊ ပျိုဖော်ဝင်ကျောင်းသူများအား သံဓာတ်အားဖြည့်ဆေးပြားများ တိုက်ကျွေးခြင်းနှင့် ပေးဝေခြင်း၊ ကျောင်းသား၊ ကျောင်းသူများအား ကြက်ဥ၊ငှက်ပျောသီး၊ပေါင်မုန့်ပေးဝေခြင်းနှင့် 'အစာစားပါ' ကဗျာရွတ်ဆိုခြင်း၊ ဆယ်ကျော်သက် လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းအား ကျောင်းသားအချင်းချင်း သက်ရွယ်ဆင့်တူ ပညာပေးခြင်း၊ ကျောင်းသား၊ ကျောင်းသူများက နည်းစနစ်မှန် သွားတိုက်ခြင်းကို သရုပ်ပြခြင်း၊ ခြင်ကျား၊ပိုးလောက်လန်းကင်းစင်ကျောင်း(Larva Free School) များ ထူထောင်ရေးအတွက် ကျောင်းသားလူငယ်များမှ အေဒီးစ်ခြင်ကျား၊ ပိုးလောက်လမ်းကာကွယ်နှိမ်နင်းရေးနှင့်ပတ်သက်၍ ကျန်းမာရေးပညာပေးခြင်း၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူကလေးများ၏ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးအတွက် အာဟာရမျှတစွာ စားသုံးတတ်စေရန် အစာအုပ်စု (၃)အုပ်စု ပါဝင်အောင် ရွေးချယ်စားသုံးမှု သရုပ်ပြခြင်းစသည်တို့ကို အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (၃၆၈)**


## ဧရာဝတီမြစ်ရေကျဆင်းမှုနှင့်အတူ မြေနုကျွန်းစိုက်ခင်းများတွင် မြေပဲစိုက်ပျိုးရန်ပြင်ဆင်နေ

**မန္တလေး ဩဂုတ် ၂၅**

ဧရာဝတီမြစ်ရေကျဆင်းမှုနှင့်အတူ မြေနုကျွန်းစိုက်ခင်းများတွင် မြေပဲအပါအဝင် ဈေးကွက်ဝင် သီးနှံများကို စိုက်ပျိုးရန် ပြင်ဆင်လျက်ရှိကြောင်း တောင်သူများထံက သိရသည်။

ဧရာဝတီမြစ်အတွင်းရှိ မြေနုကျွန်း(ကျွန်းရွာ)များတွင် စက်တင်ဘာလဆန်းပိုင်းမှာ ဧရာဝတီမြစ်ရေ ထပ်မံတက်ခြင်းမရှိတော့ပါက သီးနှံများစိုက်ပျိုးရန် မြေပြုပြင်ခြင်းများ စတင်လုပ်နေပြီဖြစ်ကြောင်း၊ ထိုသို့ စိုက်ပျိုးရာတွင် မြေပဲသီးနှံနှင့် ကန်စွန်းဥကို ပထမဦးစားပေး အများဆုံးစိုက်ပျိုးကြကာ အခြားဈေးကွက်ဝင်သီးနှံများကိုလည်း စိုက်ပျိုးရန်ပြင်ဆင်လျက်ရှိကြောင်း ပုသိမ်ကြီးမြို့နယ်၊ သံဘိုကျွန်းကျေးရွာမှ ဦးခင်မောင်ရင်က ပြောသည်။

"ဩဂုတ်လကုန် စက်တင်ဘာလဆန်းမှာ မြစ်ရေထပ်မတက်တော့ရင် အသင့်စိုက်ပျိုးနိုင်အောင် ပြင်ဆင်နေပါတယ်။ ဧရာဝတီမြစ်ရေကျဆင်းမှုနောက်ပိုင်း မြေနုကျွန်းများတွင် မြေပဲအပါအဝင်သီးနှံများ စိုက်ပျိုးရန် မြေပြုပြင်ခြင်းတွေ လုပ်နေပါတယ်။ မြေပဲနဲ့ကန်စွန်းဥကတော့ အများဆုံးစိုက်ကြမှာပါ။ နည်းနည်း မြေညံ့တဲ့နေရာတွေမှာတော့ ပဲထောပတ်၊ ပဲနီပြာတွေ စိုက်သွားမှာပါ။ လက်ရှိမှာတော့ မြေပြုပြင်ရန် ထွန်၊ထယ်၊စက်မောင်း လုပ်နေကြပါပြီ။ စက်မောင်းခ၊ ထွန်၊ ထယ် နှစ်ကြိမ်စာအတွက် တစ်ဧကငွေကျပ် ၈၀၀၀၀ ပေးရပါတယ်"ဟု ၎င်းက ပြောသည်။



မြေပဲစိုက်ပျိုးရန်အတွက် မြေပြုပြင်ခြင်းများ၊ စိုက်ပျိုးမည့်မျိုးဝယ်ယူခြင်းနှင့် သွင်းအားစု မြေဩဇာများဝယ်ယူခြင်းများကို ကြိုတင်ဆောင်ရွက်လျက်ရှိသည်။

ယခင်နှစ်က မြေပဲစိုက်ပျိုးရာသီထွက်ရှိသည့် မြေပဲကို သိမ်းဆည်းထားပြီး ဈေးကွက် ဈေးကောင်းချိန်တွင် ရောင်းချသောကြောင့် မြေပဲစိုက်တောင်သူများ အကျိုးအမြတ် ပိုမိုရရှိခဲ့သည်။

ပြီးခဲ့သည့်စိုက်ပျိုးရာသီကတည်းက ဈေးကောင်းနေသည့် မြေပဲဆန်မှာ မြေပဲပေါ်စချိန်တွင် တစ်ပိဿာငွေကျပ် ၈၀၀၀ ကျော်သာရှိခဲ့ရာမှ လက်ရှိအချိန်တွင် တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ ကျော် ပေါက်ဈေးရှိနေသည်။

ပြည်ပမှ စားအုန်းဆီတင်သွင်းမှုကို လျှော့ချနေသောကြောင့် ပြည်တွင်းဆီစားသုံးမှုဖူလုံစေရန် ဆီစက်များအတွက် ကုန်ကြမ်းမြေပဲဆန်မှာ ဈေးကွက်သေချာပြီး ဈေးကောင်းရရှိနေသည့် သီးနှံဖြစ်ကြောင်း သိရသည်။

**(ဝဲပုံ) ရွှေမန်း**

## ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ကျောက်ပန်းတောင်း ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်သော ကျောင်းပတ်ဝန်းကျင်ဖြစ်စေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ၊ တပ်နယ်တပ်ဖွဲ့ဝင်များနှင့်မိသားစုများ ပါဝင်သည့် စုပေါင်းသန့်ရှင်းရေးကို ဩဂုတ် ၂၄ ရက် နံနက် ၇ နာရီခွဲက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ ၁၈ခုမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ စုစုပေါင်း ၁၄၇ ဦး၊ ကျောက်ပန်းတောင်း တပ်နယ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင် ၁၂၀ ဦး၊ စုစုပေါင်း ၂၆၇ ဦးဖြင့် ကျောင်းဝန်းအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းတို့ကို ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဟိန်းဆက်၊မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့် အဖွဲ့ဝင်(၁) ဗိုလ်မှူး နောင်ထွန်းနီနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်နိုင်နိုင်ဝင်းတို့က လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး ကျောင်းဆောင်များနှင့် ကျောင်းဝန်းလုံခြုံရေးအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၅၆)**



## လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်လှစ်ပို့ချပေးလျက်ရှိ

**မန္တလေး ဩဂုတ် ၂၅**

သန်းခေါင်စာရင်းမေးခွန်းပါ အကြောင်းအရာများကို ပြည့်စုံမှန်ကန်စွာ ကောက်ယူနိုင်ရေး၊ စာရင်းစစ်၊ စာရင်းကောက်များ၏ အရည်အချင်းပြည့်ဝနိုင်ရေးနှင့် မြေပြင်အခြေအနေနှင့် ကိုက်ညီအောင် အကောင်းဆုံးဆောင်ရွက်သွားနိုင်ရေးအတွက် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းကို မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မန်းတောင်ခြေအားကစားကွင်းသင်တန်းခန်းမတွင် ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။



အဆိုပါ သင်တန်းတွင် သင်တန်းနည်းပြများဖြစ်ကြသော လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လွင်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းထွဋ်အောင်၊လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဖြူဦးခိုင်နှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဒေါ်ယုမွန်ကျော်တို့က စာတွေ့၊လက်တွေ့ သင်ကြားပြသပေးကြပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်အသီးသီးမှ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး တက်ရောက်လျက်ရှိသည်။

ယခုသင်တန်းသို့ တက်ရောက်ခဲ့ကြသူများသည် သက်ဆိုင်ရာခရိုင်၊ မြို့နယ်များတွင် ဆင့်ပွားသင်တန်းများ ပြန်လည်ဖွင့်လှစ်ပေးကြမည့် ခရိုင်အဆင့်နည်းပြများဖြစ်ကြောင်း သိရသည်။

**(ဝဲပုံ) (၀၉၃)**



## ကျောင်းကျန်းမာရေးသီတင်းပတ် ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြောပွဲ ကျင်းပ

**သရက် ဩဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ကျောင်းကျန်းမာရေး ဌာနမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ် ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေး ဟောပြောခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ရုံးရပ်ကွက် အခြေခံမူလတန်းကျောင်း၌ ဆောင်ရွက်ခဲ့သည်။

ကျောင်းကျန်းမာရေး သီတင်းပတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောင်းကျန်းမာရေး ကလေးအရာရှိ ဒေါ်စန်းစန်းသင်းက ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ စာသင်ကြားနိုင်ရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေး လက်ဆေးခြင်း၊သွားနှင့်ခံတွင်းကျန်းမာရေး၊ နည်းစနစ်မှန်သွားတိုက်ခြင်း၊ သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲရန်ပြောကြားပေးခဲ့ပြီး မိုးတွင်းကာလ ကလေးငယ်များတွင် ဖြစ်ပွားသည့် သွေးလွန်တုပ်ကွေး ရောဂါကာကွယ်နှိမ်နင်းရေး နည်းလမ်းများအကြောင်းကို ပြောကြားခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေးစစ်ဆေးခြင်းများ ဆောင်ရွက်ခြင်းများကို မြို့နယ်မိခင်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြကာ ကျောင်းသား၊ ကျောင်းသူများအား တစ်ဦးချင်း ကျောင်းကျန်းမာရေးမှတ်တမ်းကတ်များ ရေးသွင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**စော်ထက်(သရက်)**

## ပြည်တွင်းဆီစက်လုပ်ငန်းရှင်များအား ချေးငွေ ၄၆ ဘီလီယံကျော် ထုတ်ချေးပေးမည်ဖြစ်သော်လည်း လုပ်ငန်းရှင်များချေးယူနိုင်မှုနည်းနေ

**မန္တလေး ဩဂုတ် ၂၅**

ပြည်တွင်းဆီစက်လုပ်ငန်းရှင်များအား ချေးငွေ ၄၆ဘီလီယံကျော် ထုတ်ချေး ပေးမည်ဖြစ်သော်လည်း ဆီစက်လုပ်ငန်းရှင်များ ချေးယူနိုင်မှု နည်းနေကြောင်း ဆီစက်လုပ်ငန်းရှင်များထံက သိရသည်။

နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေဘီလီယံ ၅၀ဖြင့် ဆီစက်လုပ်ငန်းရှင်များဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေထူထောင်လျက် ဆီစက်လုပ်ငန်းများကို ချေးငွေ ထောက်ပံ့ပေးလျက် ရှိသည်။

လက်ရှိပြည်တွင်း ဆီစက် လုပ်ငန်းရှင် ၃၁ ဦးကို ချေးငွေ ကျပ် ၃၄၉၃ သန်းထုတ်ချေးပြီး ဖြစ်သည်။

သို့ဖြစ်၍ ထုတ်ချေးပေးရန်ကျန်ရှိသည့် ငွေကျပ်ဘီလီယံ ၄၆ ဒသမ ၅၀၇ ကို မြန်ဆန်မှန်ကန်စွာ ထုတ်ချေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း စက်မှုဝန်ကြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ပြောကြားခဲ့သည်။

နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ (၃/၂၀၂၄)အစည်းအဝေးတွင် ဆီစက်ချေးငွေထုတ်ချေးရန် ငွေကျပ် ၄၆ ဒသမ ၅၀၇ကျန်ရှိနေသဖြင့် စံသတ်မှတ်ချက်များနှင့် ကိုက်ညီသော ဆီစက်များအား ချေးငွေထုတ်ချေးပေးနိုင်ရန်နှင့် ကုန်ကြမ်းဝယ်ယူနိုင်ရန်အတွက် လုပ်ငန်းသုံးရင်းနှီးငွေထုတ်ချေးနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတစ်ဝန်း၌ ဆီစက် ၄၂၅၀ ကျော်ရှိရာ အကြီးစားဆီစက်၂၃၀၊ အလတ်စားဆီစက် ၈၂၀၊ အငယ်စားဆီစက် ၃၁၀၀ ကျော်တို့က ဆီကြိတ်ခွဲ ထုတ်လုပ်နေကြခြင်းဖြစ်ပြီး အခက်အခဲအမျိုးမျိုးကြောင့် ရပ်နားထားရသည့်စက်များ၊ စွမ်းအားပြည့် ထုတ်လုပ်နိုင်ခြင်းမရှိသော စက်များလည်းရှိနေသည်။

ပြည်တွင်းဆီစက်များ အဆင့်မီစက်ပစ္စည်းများတိုးချဲ့တပ်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီဆီစက်များ ထပ်မံတည်ဆောက်ခြင်းနှင့် လုပ်ငန်းလည်ပတ်ရင်းနှီးငွေလိုအပ်ချက်များအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ အတိုးနှုန်းသက်သာစွာထုတ်ချေးလျက်ရှိရာ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ချေးငွေလျှောက်ထားနိုင်ကြောင်း အသိပေးထားသည်။

သို့သော်လည်း ပြည်တွင်းဆီစက်လုပ်ငန်းရှင်များကို ချေးငွေထုတ်ချေးရန်သတ်မှတ်ချက်ကို ပြည်တွင်းဘဏ်တစ်ခုခုတွင် ချေးငွေရယူထားပါက ယခုချေးငွေမရရှိသည့် သတ်မှတ်ချက်ကြောင့် ဆီစက်လုပ်ငန်းရှင်အများစု ချေးငွေမရယူနိုင်ခဲ့ကြောင်း၊ဆီစက်လုပ်ငန်းရှင်အနည်းငယ်သာ ထုတ်ယူနိုင်ခဲ့ကြောင်း၊ ယင်းတင်းကျပ်သည့်မူဝါဒကြောင့် ဆီစက်လုပ်ငန်းရှင်အများစုမှာ ပြင်ပနှင့်ပုဂ္ဂလိကဘဏ်များတွင် တစ်နှစ် အတိုးနှုန်း ၁၀ ရာခိုင်နှုန်းဖြင့် ချေးယူထားရကြောင်း၊ ဖြေလျှော့မှုတွေနှင့် ထပ်မံချေးပေးသော်လည်း ဆီစက်လုပ်ငန်းရှင်အများစုမှာ တစ်ဖက်မှာ ချေးငွေရယူပြီး ဖြစ်နေကာ အာမခံပေးစရာမရှိတော့တဲ့ အခက်အခဲများရှိနေတာကြောင့် ချေးငွေရယူနိုင်မှု နည်းပါးနေကြောင်း မြန်မာနိုင်ငံဆီစက်လုပ်ငန်းများ အသင်း ဒုတိယဥက္ကဋ္ဌ ဦးဆန်းထွန်းလွင်က ပြောသည်။

"ဆီစက်လုပ်ငန်းရှင်တွေကို ချေးငွေထုတ်ပေးဖို့ သတ်မှတ်ချက်တွေမှာ အရင်က အခြားမည်သည့်ဘဏ်တွင်မဆို ချေးငွေရယူထားရင်ချေးယူလို့ မရဆိုတဲ့ တင်းကျပ်တဲ့ သတ်မှတ်ချက်ကြောင့်လုပ်ငန်းရှင်တွေ အများစုချေးငွေမရခဲ့ကြတာပါ။ ဒီတော့လိုအပ်တဲ့ငွေကို အပြင်မှာတွေ၊ ပုဂ္ဂလိကဘဏ်တွေမှာ အာမခံပေးပြီး အတိုးနှုန်း ၁၀ ရာခိုင်နှုန်းနဲ့ အများစုချေးယူကြရပါတယ်။ အခုဖြေလျှော့ပေးပေမယ့် အများစုက ချေးယူဖို့ အာမခံပေးစရာ ထပ်မရှိတော့ပါဘူး။ လက်ရှိ နိုင်ငံတော်က ဖြေလျှော့မှုတွေနဲ့ ချေးပေးရင်တော့ ဆီစက်လုပ်ငန်းတွေ အကုန်လုံးက နိုင်ငံတော်ကပေးတဲ့ချေးငွေကို ရယူကြမှာပါ သက်မှတ်ချက်နဲ့ မကိုက်ညီလို့ ဆီစက်လုပ်ငန်းရှင်အများစုက ချေးငွေရယူနိုင်ခြင်း မရှိတာပါ။ပြင်ပဘဏ်တွေ ထုတ်ချေးပေးနိုင်တဲ့ သတ်မှတ်ချက်လောက်နဲ့ချေးပေးရင် ပိုမိုအဆင်ပြေမှာပါ "ဟု ၄င်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဆီစက်အကြီး၊ အလတ်၊ အငယ် ဆီစက်လုပ်ငန်းပေါင်း ၄၀၀ ကျော်ရှိသည်။ **(အောက်ပုံ)**

ပြည်ပမှဆီတင်သွင်းမှုလျှော့ချပြီးပြည်တွင်းဆီစားသုံးမှုဖူလုံစေရန် ပြည်တွင်းဆီစက်အများစု ဆီကြိတ်ဝါးလည်ပတ်လျက်ရှိရာ ဆီထွက်သီးနှံ စိုက်ပျိုးသည့်တောင်သူများလည်း မြေပဲ၊နှမ်း၊ နေကြာသီးနှံများဈေးကောင်း ရရှိကြသလို တိုးချဲ့စိုက်ပျိုးရန် လိုအပ်နေကြောင်း သိရသည်။ **ရွှေမန်း**

## မီးငြိမ်းသတ်ရေးနှင့် ငလျင်ဇာတ်တိုက်သဏ္ဍာန်တူလေ့ကျင့်ခြင်း ပြုလုပ်

**တောင်ကြီး ဩဂုတ် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ စိန်ပန်းရပ်ကွက်ရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၂၂ ရက် မွန်းလွဲ ၁ နာရီက တောင်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ မီးငြိမ်းသတ်ရေးနှင့် ငလျင်ဇာတ်တိုက်သဏ္ဍာန်တူလေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးမြင့်သန်းက မျက်မှောက်ကာလမှာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဖြစ်စဉ်များကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ကျောင်းသား၊ ကျောင်းသူများ အလျင်အမြန်တုံ့ပြန် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်နှင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများ ရုတ်တရက်ဖြစ်ပေါ်လာသော သဘာဝဘေး၊ ငလျင်ဘေးများဖြစ်ပွားရသော အကြောင်းအရင်းများ၊ သတိပြုရန်နှင့် လိုက်နာဖွယ်ရာများကို ရှင်းလင်းဟောပြောပြီး သိရှိလိုသမျှ မေးမြန်းမှုများကို ဖြေကြားသည်။ထို့နောက်သဏ္ဍာန်တူလေ့ကျင့်ရာ၌ ငလျင်လှုပ်ခတ်မှုကြောင့် စာသင်ကျောင်းဆောင်များအတွင်း ပိတ်မိနေသော ကျောင်းသား၊ကျောင်းသူများအား မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ရှာဖွေကယ်ဆယ်ခြင်း၊ရှေးဦးပြုစုခြင်း၊ ဒဏ်ရာပြင်းထန်သူများအား ဆေးရုံပို့ဆောင်ခြင်း၊ မီးလောင်မှုဖြစ်ပွားသောနေရာများအား မီးငြိမ်းသတ်ခြင်း၊ မှတ်တမ်းပြုစုခြင်းများကို ဇာတ်တိုက်ဆောင်ရွက်ခဲ့သည်။

အဆိုပါဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းကို မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီသူနာပြု တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးစိုးတင့်လွင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီများ၊ ဖိတ်ကြားထားသူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(၃၆၈)



## စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ရွာင် ဩဂုတ် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့်၊ ရွာင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဦးဆောင်ကာ စုပေါင်းသန့်ရှင်းရေးကို ဩဂုတ် ၂၄ ရက် နံနက် ၇နာရီက အထက (ရွာင်)ကျောင်းဝန်းအတွင်း၊အပြင်တို့၌ ဆောင်ရွက်ခဲ့သည်။

မိုးတွင်းကာလသို့ ရောက်ရှိလာပြီး ပိုးလောက်လန်း၊ ခြင်ပေါက်ဖွားမှုကင်းဝေးပြီး သန့်ရှင်းသာယာလှပစေရန် ဘုရားကျောင်းကန်စေတီပုထိုးများ၊ ဆေးရုံဆေးပေးခန်းများ၊ စာသင်ကျောင်းများ၊ မြို့တွင်း၊ မြို့ပြင်များ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဦးဆောင်၍ စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းများတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊လူမှုရေးအသင်းအဖွဲ့များ၊ ကြေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဆရာ၊ ဆရာမ၊ကျောင်းသား၊ ကျောင်းသူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် အထက(ရွာင်)ကျောင်းဝန်းအတွင်း၊အပြင်ရှိ သစ်ပင်ချုံနွယ်နှင့် ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများအတွင်းရှိ အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ ခြင်ပေါက်ပွားနိုင်သောနေရာများတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြပြီး အမှိုက်များအား မြို့နယ်စည်ပင်အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ သယ်ယူစွန့်ပစ်ပေးခဲ့ကြကြောင်း သိရသည်။

(၃၃၈)



ဝတ္ထုတိုကဏ္ဍ

# လမင်းနှင့် ကြယ်စင်များ

မင်းလပြည့်(ဟားခါး)



**(၁၉-၈-၂၀၂၄) စာမျက်နှာ-၁၄ မှအဆက်**

‘ဟေ သတင်းကြားလား၊ ဆရာမရန်ကုန် ပြန်ပြောင်းတော့မယ်တဲ့။ ဆရာမက အပျိုကြီး လေ။ သူ့အမေ ကျန်းမာရေးမကောင်းလို့တဲ့’

ပါရွေထားရ်က နူးဆုန်ကို ပြောသည်။ ထလှယ်ခွန်ကလည်း စိတ်ပူနေသည်။

‘ဟယ် … သည်စကား မမှန်ပါစေနဲ့ ဟယ်၊ ဆရာမကြောင့် ဘာသာရပ်အားလုံး ပိုနားလည်လာတယ်။ ဘာသာရပ်လိုက် အား နည်းသူတွေကို အချိန်ပိုသင်ပေးတယ်။ သူကတောင် မုန့်ကျွေးသေးတယ်။ ငါတော့ သိပ်နှမြောတယ် ဟာ’

နူးဆုန် ပူပန်နေသလို ထလှယ်ခွန်လည်း စိတ်မကောင်းဖြစ်နေသည်။

‘ငါတော့ သတင်းမကြားမိပါဘူး၊ ဆရာမ ပင်ပန်းပြီး နေမကောင်းတာပဲ ကြားတယ်’

‘ဟုတ်တယ်၊ ဆရာမတို့ အတန်းတင် စာမေးပွဲမဖြေခင်ကတည်းက အိပ်ရေး အပျက်ခံ စာသင်ပေးတာ၊ စာမေးပွဲလည်း ပြီးရော ဆရာမလည်း ပင်ပန်းပြီး ဆေးရုံ တက်ရတော့တာပဲ’

ဆရာမဒေါ်စံပယ် ဆေးရုံတက်သည် ကြား ရတော့ ကျောင်းသား၊ ကျောင်းသူအားလုံး ဆေးရုံသွားကာ ကြက်ဥ၊ နွားနို့၊ ပေါင်မုန့်၊ အချိုရည်၊ ဘီစကစ်မုန့်များ ဝယ်ပေးပေမယ့် ဆရာမဒေါ်စံပယ်က ပီတိဖြင့် ဝနေပါသည်။

အောင်ထန်းက သူ့အမေကြောင့် ဆရာမ အပြောခံရသည်ကို အနူးအညွတ် တောင်းပန် သည်။

‘မင်း ဆယ်တန်းအောင်မှ ငါကျေနပ် မယ်’ဆို၍ အောင်ထန်း စာကြိုးစားခဲ့သည်။

စောလုဝေ၊ အောင်ထန်း၊ မောင်စိုးတို့ လည်းပါသည်။ ဆေးရုံမှဆင်းတော့ ကျောင်း သားများက အဆောင်လိုက်ပို့ကြသည်။

‘သမီးတို့ အတန်းတင်စာမေးပွဲ ဖြေနိုင် တယ်’

‘ကျွန်တော်လည်း ဖြေနိုင်တယ် ဆရာမ’

ပါရွေထားရ်၊ နူးဆုန်၊ ထလှယ်ခွန်တို့ မိန်းကလေးအဖွဲ့နှင့် စောလုဝေ၊ ထောင်ဇမ်း၊ အောင်ထန်း၊ မောင်စိုးတို့ ယောကျ်ားလေး အုပ်စုက ဆရာမအဆောင်ကို လိုက်ပို့ပေး သည်။ စာမေးပွဲမဖြေခင်က သိရှိနားလည် တတ်ကျွမ်းစေရန် ကြိုးစားစာသင်ပေးခဲ့ရ သည်။ အိပ်ရေးပျက်၊ အစားပျက်ခဲ့သည်။ နေမကောင်းသည့်ကြားမှ စေတနာများစွာဖြင့် စာသင်ပေးခဲ့သည်။

စာမေးပွဲဖြေပြီးပြန်တော့လည်း တပည့် အားလုံး စာမေးပွဲအောင်မြင်စေရန် ဆုတောင်း ပေးရပြန်သည်။ ကျောင်းဆရာ၊ ဆရာမဘဝ ကား ဓားသွေးကျောက်သဖွယ် ဖြစ်သည်။ ပေးဆပ်ရင်း၊ စွန့်လွှတ်ရင်းဖြင့် လုံးပါးပါးရ သော ပရုတ်လုံးနှယ်၊ သို့သော် ပင်ပန်းသည်ဟု စိတ်ဝယ်မထင်ကြ။

‘မတ်လ ၁၈ ရက် အောင်စာရင်းထွက် မယ်၊ ငါ့သား၊ သမီးလေးတွေ အောင်ပါစေ’

‘ဆရာမပေးတဲ့ဆုနဲ့ ပြည့်ပါစေ’

* * * *

ပြေးလွှားသံ၊ အော်ဟစ်သံများ ကြား နေရသော်လည်း နှစ်ခြိုက်စွာ အိပ်ပျော်နေသည့် အတွက် အိမ်မက်လိုလို၊ ဝိုးတဝါး အာရုံရနေ သည်။

ညပိုင်းက မိုးများစွာရွာပြီး နံနက်ပိုင်းတွင် အေးလာ၍ အိပ်ကောင်းနေသည်။ မပီဝိုးတဝါး မှသည် ထင်ရှားစွာ ကြားလာရပေပြီ။

‘ဆရာမ ထပါဦး၊ ဆရာမ ထဦး’

အိပ်ချင်မူးတူးဖြင့် ထတော့ ဒေါ်စံပယ် ခေါင်းထဲတွင် မိုက်ကနဲမူးသွားသည်။ လူးလဲထ တံခါးဖွင့်တော့ ကောင်းကင်မှာ ကြယ်ရောင် ဖျော့ဖျော့မြင်ရနေဆဲ ဖြစ်သည်။

‘ဘာဖြစ်တာလဲ ဟဲ့’

‘ဆရာမ သားတို့သုံးယောက်စလုံး စာမေး ပွဲအောင်တယ်၊ မြန်မာစာဂုဏ်ထူး ထွက်တယ် ဆရာမ’

‘ဟယ် ဝမ်းသာလိုက်တာ၊ ဒါနဲ့ မောင်စိုး ကော’

‘သူစာမေးပွဲကျတယ် ဟင်’

မကြာမီ ပါရွေထားရ်၊ ကြာတီလ်နှင့် ထလှယ်ခွန်၊ အားဆုန်တို့ မိန်းကလေးအဖွဲ့ ရောက်လာပြန်သည်။

‘တီချယ် သမီးတို့အားလုံးအောင်တယ်’

‘သမီးက ဂုဏ်ထူးခြောက်လုံး All D ပါတယ်’

‘တော်လိုက်တာ၊ ပါရွေထားရ်ရယ် စာသင်ရ ကျိုးနပ်ပါတယ်’

‘ဆရာမကျေးဇူးကြောင့် စာမေးပွဲအောင် တာပါ’

အောင်စာရင်းထွက်သော နံနက်ခင်းကား ပျော်ရွှင်သံ၊ ချီးမွမ်းသံများဖြင့် ပြောဆိုရင်း အမှောင်ထုပြိုကွဲကာ အလင်းရောက်လာသည်။ ဟားခါး အထက(၁)ကျောင်း အောင်ချက် ကောင်း၍ ဆရာ၊ ဆရာမအားလုံးကို ပြည်နယ် ပညာရေးမှူးကလည်း ချီးမွမ်းသည်။

* * * *

‘ဆရာမ’

ကျောင်းဝင်းသို့အဝင် အပေါက်ဝတွင် မိန်းမကြီးတစ်ဦးက အောင်ထန်းနှင့်အတူ ဘေးယှဉ်ရပ်နေသည်။ အောင်ထန်းနှင့် အောင် ထန်းအမေ၊ တစ်ခါက သူမကို ကျောင်းထဲ ရန်လာတွေ့သော အဒေါ်ကြီး၊

‘ဆရာမရယ်၊ ဆရာမကျေးဇူးကြောင့် သားလေး စာမေးပွဲအောင်သွားပါပြီ၊ ဂုဏ်ထူး လည်း ထွက်ပါတယ်။ သားကို ချစ်တဲ့ဇောနဲ့ ပြောမိတာပါ။ ခွင့်လွှတ်ပါ ဆရာမ’

‘ခွင့်လွှတ်ပါတယ်၊ ကျွန်မစိတ်ထဲ မထား ပါဘူး’

အမျိုးသမီးကြီးက တောင်းပန်ပြီးနောက် တပည့်မောင်စိုးအနား ရောက်လာသည်။

‘ဟယ် မောင်စိုး’

‘ဆရာမ ကျွန်တော်စာမေးပွဲကျသွားတယ်’

‘ဘယ်ဘာသာထင်လဲ’

‘မြန်မာစာလို့ ထင်ပါတယ် ဆရာမ၊’

‘ဟင်’

မောင်စိုးက သူ့အမှားကို လာတောင်းပန် နေခြင်း ဖြစ်သည်။

‘ကျွန်တော်က အတန်းထဲမှာ မြန်မာစာ အမြဲအောင်တော့ မြန်မာစာဘာသာကို အထင်သေးပြီး စာမကျက်ဘူး၊ တခြားစာ တွေကို ဦးစားပေးရွေးကျက်ခဲ့တယ်၊ စာမေး ပွဲမှာ မြန်မာစာတော်တော် မဖြေနိုင်ဘူး၊ လက်တွေ့မှာ မြန်မာစာအားနည်းသွားတယ်၊ ဆရာမကို လာတောင်းပန်တာပဲ’

ဆရာမဒေါ်စံပယ်က သနားမိသလို ဆင်ခြင်စရာများကို ပြောပြသည်။

‘မြန်မာစာဆိုတာ သိမ်မွေ့ခက်ခဲတယ်၊ လွယ်သယောင်ထင်ရပေမယ့် မလွယ်လှ ဘူး၊ အဓိပ္ပာယ်နက်ရှိုင်းကျယ်ဝန်းတယ်။ နားလည်သဘောပေါက်မှ ရေးလို့ရတယ်။ မြန်မာစာကို အထင်မသေးပါနဲ့။ ကိုယ့်လူ မျိုး၊ ကိုယ့်စာပေကို မြတ်နိုးတန်ဖိုးထားပါ။ နောင်နှစ် စာမေးပွဲအောင်ဖို့ ဆက်ကြိုးစားပါ’

‘ဟုတ်ကဲ့၊ ဆရာမ’

ခေါင်းငိုက်စိုက်ကျပြီး လှည့်ပြန်သွား သော ဆရာမဒေါ်စံပယ်တစ်ယောက် ဝမ်း နည်းခြင်း၊ စိတ်လှုပ်ရှားခြင်းဖြင့် စိတ်မကောင်း ဖြစ်မိသည်။

စာသင်ကောင်းရုံ၊ စေတနာထားရှိ ရုံသာမက ကြင်နာသနားတတ်ခြင်းနှင့် ပြည့်စုံ သော ဆရာမလေးဒေါ်စံပယ်ကား ကြယ်စင် များကို လင်းလက်တောက်ပစေသော လမင်း ကြီးနှယ် စေတနာ၊ ဝါသနာ၊ အနစ်နာများ ဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ အရည် အချင်းတောက်ပြောင်လာစေရန် စာသင် ကြားပြသပေးနေမည့် အနန္တဂိုဏ်းဝင်ကျေးဇူး ရှင်များ ဖြစ်သည်ဆိုတာကို အချိန် တန်သိလာကြမည်ဟု ယုံကြည်နေမိပါတော့ သည်။

* * * *

## ဆရာမောင်သာနိုး၏ ဂန္ထဝင်မြန်မာကဗျာ ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချီ




**မန္တလေး ဩဂုတ် ၂၅**

ဆရာမောင်သာနိုး၏ ဂန္ထဝင်မြန်မာကဗျာစာအုပ် စိတ်ကူးချိုချို စာပေမှ ဒုတိယအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါ စာအုပ်တွင် ဆရာမောင်သာနိုးက "ကဗျာဆိုတာ လုပ်ငန်းခွင်က ပေါ်ခဲ့တာဖြစ်တယ်။ လူတွေစုပေါင်း အလုပ်လုပ်ရာမှာ လုပ်အားကို ချိန်ကိုက်ပေးဖို့ ညာသံဟစ်ကြွေးခဲ့ရာက ကဗျာ စတင်ပေါ်ပေါက်ခဲ့တာပါပဲ။ ဒါကြောင့် ကဗျာရဲ့ မြစ်ဖျားဟာ လုပ်ငန်းခွင်ဖြစ်တယ်။ ပုဂံက လယ်သမားတွေ လယ်ယာလုပ်ငန်းခွင်ဝင်ရင်း ဟစ်ကြွေးခဲ့ကြတဲ့ တေးသီချင်းတွေ အများကြီး ပေါ်ပေါက်ခဲ့မှာပါပဲ၊ အများအပြားဟာ ပပျောက်ခဲ့ရပြီး အချို့ကတော့ အသွင်သဏ္ဍာန် အဆင့်ဆင့် ကူးပြောင်းတာယနေ့ခေတ် လူထုကဗျာဖြစ်လာကြလိမ့်မယ်လို့ ခန့်မှန်းကြည့်နိုင်တယ်"ဟု ဆိုထားသည်။

ဆောင်းပါး ၁၁ပုဒ်ကို စုစည်းထားပြီး ဂန္ထဝင်မြန်မာကဗျာအကြောင်း၊ ပုပ္ပားတောင်နယ်ချစ်ခြင်းမေတ္တာ၊ ရှင်ဥတ္တမကျော်၊ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ နဝဒေး၊ နတ်ရှင်နောင်၊ စိန္တကျော်သူ၊ လက်ဝဲသုန္ဒရ၊ မန္တလေးခေတ်ရဲ့တေးထပ်ကဗျာ၊ မန္တလေးခေတ် ကဗျာအချို့တို့ဖြစ်သည်။ ဂန္ထဝင်ကဗျာလေ့လာလိုသူများ မဖြစ်မနေ ဖတ်ရှုသင့်သည့် စာအုပ်ဖြစ်ပြီး မန္တလေး စာအုပ်အရောင်းဆိုင်များနှင့်စိတ်ကူးချိုချို စာအုပ်ဆိုင်တွင် ငွေကျပ် ၆၀၀၀ဖြင့် ဝယ်ယူဖတ်ရှုနိုင် ကြောင်း သိရသည်။ PNT

## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**ရေဦး ဩဂုတ် ၂၅**

ကျောင်းသားလူငယ်များ ကျောင်းသင်ခန်းစာအပြင် ပြင်ပဗဟုသုတများရရှိစေရန်နှင့် ငယ်စဉ်ကတည်းက စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန် ရည်ရွယ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲကို ယမန်နေ့ နံနက် ၁၀နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

ဟောပြောပွဲ၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဆွေဝင်းက ကျောင်းသားလူငယ်များအနေဖြင့် ကျောင်းစာအပြင် ပြင်ပဗဟုသုတများ ရရှိစေရန်အတွက် စာပေလေ့လာဖတ်ရှုရန် လိုအပ်ကြောင်း၊ စာပေဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတ တိုးပွားကာ အမှားနှင့်အမှန်ကို ခွဲခြားနိုင်မည်ဖြစ်ကြောင်း၊ စာပေမှ ရရှိသည့် အသိဖြင့် မိမိတို့ဘဝ ရည်မှန်းချက်များ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ နေ့စဉ်စာဖတ်သည့် အလေ့အကျင့်များရရှိလာအောင် ပြုစုပျိုးထောင်ရန် လိုအပ်ပါကြောင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ ကလေးအလုပ်သမား ပပျောက်ရေးအကြောင်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် စာအုပ်စာစောင်များ ခင်းကျင်းပြသရာ ဆရာ၊ ဆရာမများ၊ကျောင်းသား၊ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုကြပြီး ဖတ်ရှုလိုသည့် စာအုပ်စာစောင်များကိုလည်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများက ငှားရမ်းပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၅**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးဆောင်၍ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက လေသာကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နွယ်နွယ်အောင်က ကျောင်းသား၊ ကျောင်းသူများအား စာပေဖတ်ရှုခြင်းဖြင့် ဗဟုသုတ ပြည့်ဝစေရန်၊ စာပေဝါသနာရှင်များစွာ ပေါ်ထွန်းလာစေရန်၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတများ တိုးပွားစေရန်နှင့် စာဖတ်ရှိန်မြင့်မားလာပြီး စာကောင်းပေကောင်းများကို လေ့လာတတ်စေရန် "စာအုပ်စာပေ လူ့မိတ်ဆွေ" ခေါင်းစဉ်ဖြင့် ရှင်းလင်းဟောပြောခဲ့သည်။

ယင်းနောက် နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အမှတ်(၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် ကျောင်းသား၊ ကျောင်းသူများ သိသင့်သည့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကို သိရှိပြီး လိုက်နာကြစေရေး၊ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေး ဆောင်ရန်၊ ရှောင်ရန် အချက်များကို ရှင်းလင်းဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ၏ သိရှိလိုသည့် မေးမြန်းချက်များအား ပြန်လည်ဖြေကြားပေးခဲ့သည်။ **(အပေါ်ဝဲပုံ)**

အဆိုပါ ဟောပြောပွဲသို့ လေသာကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ခဲ့ပြီး ဇေယျာသီရိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များနှင့် နံရံကပ်စာစောင်များအား ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




ပတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ရတနာပုံ ရွှေမန္တလေး

* ရွှေကျောင်းတော်
မှန်ကျောင်းတော်
စုလစ်မွန်းချွန် ဘုံနန်းပြာသာဒ်
မုနိမြတ်နဲ့
သုဓမ္မာဇရပ်တော်
ကျောက်တော်ကြီး၊ ကုသိုလ်တော်
မန္တလေးတောင် မြို့ရိုးနဲ့
ကျုံးအလှဆုံး ရှုခင်းသာ ။

* ကမ္ဘာမှာကျော်ကြား
မင်းတုန်းမင်းတရားကြီးရဲ့
ပဉ္စမသင်္ဂါယနာတင်ရာ
ဘာသာတရားနဲ့ မွေ့ပျော်
အုတ်ကျစ်ကျော်အေး မန္တလေး
ကျွန်မတို့ရဲ့ ရွှေမန္တလေး ။

* ရွှေမန္တလေးရဲ့ ရင်ခွင်မှာ
မော်ကွန်းတင်စရာ
ဦးပိန်တံတားနဲ့
သမိုင်းဝင်နေရာများစွာ
အနုပညာ မော်ပဋ္ဌလက်များထွန်းပ ။

* ယဉ်ကျေးမှုအဖြာဖြာ
စံတင်စရာ
မန္တလေးသူ၊ မန္တလေးသားများရဲ့
ထက်မြက်ထူးချွန် စာပေအမွန်
ပန်းချီ၊ ပန်းပု၊ ရုပ်သေးအက
သုခုမ တေးဂီတနဲ့ အငြိမ့်သဘင်
နန်းသုံးတော်ဝင် အချိတ်ဆင် ။

* ရက်ကန်းစင်နဲ့ ရွှေချည်ထိုး
စေတီပုထိုးများစွာနဲ့ လေ့လာဖူးမဝ
အင်ကြင်းကြာအုံ
ရတနာပုံရဲ့ ဂန္ထဝင်အလှ
စံတင်သ,လို့ ဂုဏ်ပြုခေါ်
ကမ္ဘာ့ထိပ်တန်း စမတ်မြို့တော် ။ ။

ခင်ဆွေလှိုင်(ပန်းချီ)

# သတင်းပဒေသာ

## စည်ပင်ကြီးကျေးရွာအုပ်စုတွင် နေအိမ် ၂၀၀ ခန့်အတွင်း ရေများဝင်ရောက်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၌ ယမန်နေ့ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းပြီး ဆင်သေချောင်းရေနှင့် ပေါင်းလောင်းမြစ်ရေမြင့်တက်လာမှုကြောင့် စည်ပင်ကြီးကျေးရွာအုပ်စုအတွင်းမှ နေအိမ် ၂၀၀ ခန့်အတွင်း ရေများဝင်ရောက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မိုးရာသီ ကျောင်းကောင်စီဘောလုံးပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ရပ်စောက်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသားများအား အားကစားစိတ်ဓာတ်မြှင့်တင်ရေး၊ ဘက်စုံထက်မြက်စေရေး၊ ရာသီနှင့် လိုက်ဖက်သော အားကစားများ ကစားတတ်စေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မိုးရာသီကျောင်းကောင်စီဘောလုံးပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျောင်းဝင်းအတွင်းရှိ ဘောလုံးကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျောင်းအခြေပြုဌာနဆိုင်ရာပေါင်းစုံ အသိပညာပေး ဟောပြော

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်၊ ဇလောင်းကျေးရွာအုပ်စု၊ ငန်းစပ်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းအခြေပြုဌာနဆိုင်ရာပေါင်းစုံ အသိပညာပေးဟောပြောခြင်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျောင်းရှိ စံပယ်ဆောင်တွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်စည်းဝေး

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့၊ မြို့လယ်မွှာရုံ၌ ယမန်နေ့ နံနက် ၉ နာခွဲက ရွှေကလော အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်း (လီမိတက်) မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို ကျင်းပခဲ့ရာ အသင်းသား ၃၆၂ ဦးစာရင်းရှိပြီး ၂၅၀ ဦးခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## စာအုပ်ပြပွဲနှင့် အသိပညာပေးနံရံကပ်စာစောင်ပြပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အများပြည်သူများ အသိဉာဏ်ပညာတိုးပွားရရှိစေရန် အသိပညာပြန့်ပွားရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်ပြပွဲနှင့် အသိပညာပေးနံရံကပ်စာစောင်ပြပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ်ဆောက်လုပ်ရန် ပန္နက်တင်

မိုင်းဆတ်မြို့နယ်၊ မယ်နင်ကျေးရွာအုပ်စု၊ မယ်နင်ကျေးရွာ၌ နိုင်ငံတော်အစိုးရက ပြည်သူများအသိပညာဗဟုသုတများ တိုးပွားစေရန်နှင့် စာအုပ်စာစောင်များအလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတော်မှ မ,တည်ထောက်ပံ့လှူငွေကျပ်သိန်း ၁၅၀ဖြင့် ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ်ဆောက်လုပ်မည့် မြေနေရာတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျောင်းကျန်းမာရေး အသိပညာပေး ဟောပြော

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၊ အမှတ်(၄)ရပ်ကွက်၊ အခြေခံပညာအထက်တန်းကျောင်း(ကံမ)၏ မြဝတီခန်းမ၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျောင်းကျန်းမာရေး ရက်သတ္တပတ်အဖြစ် ကျောင်းကျန်းမာရေးအသိပညာပေးဟောပြောကို ပြုလုပ်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဖောမိငါးထောင်ဘုရားသို့ ထီးနှင့်ဘုရားများ လှူဒါန်းကုသိုလ်ပြု




**မန္တလေး ဩဂုတ် ၂၅**

မန္တလေးမြို့၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန၊ နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တတိက္ခ၊ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် ဦးဆောင်သည့် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံး (မန္တလေး)သို့ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဝွေကြီးကုန်းကျေးရွာနေ အလှူရှင် ဒေါ်ခင်မြတ် သားမြေးတစ်စုက ထီးနှင့် ဘုရားတစ်ဆူအတွက် ငွေကျပ် တစ်သိန်းသုံးသောင်းငါးထောင် ပေးလှူရာ အသင်းရုံး ဥက္ကဋ္ဌ ဦးလှဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ အလားတူ မန္တလေးမြို့ ပြည်ကြီးတံခွန်ရပ်နေ အလှူရှင် မိဘနှစ်ပါးနှင့် အစ်မ ဒေါ်ခင်စန်းတို့အား ရည်စူး၍ ကိုအောင်မိုး + မခင်မာချို သားသမီးတစ်စုက ဘုရားတစ်ဆူနှင့် သင်္ကန်းအတွက် ငွေကျပ် ရှစ်သောင်း၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်နေ အလှူရှင် ဦးခင်မောင်အေးအား ရည်စူး၍ ဒေါ်သင်းအုံ သမီး ဒေါ်ရီရီမြင့် မိသားစုက ထီးအလှူငွေကျပ် ခြောက်သောင်းငါးထောင်၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်နေ အလှူရှင် ဒေါ်ဌေးရီ၊ ဒေါ်ထည်ထည်အေး သားမြေးတစ်စုက ဘုရားတစ်ဆူငွေကျပ်ခုနစ်သောင်း၊ မန္တလေးမြို့၊ ကန်ကောက်ရပ်နေ အလှူရှင် ဦးကျော်ကျော် + ဒေါ်မြတ်မြတ်အောင် သားသမီးတစ်စုက ဘုရားတစ်ဆူ၊ ငွေကျပ် ခြောက်သောင်းငါးထောင်၊ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နေ အလှူရှင် ဒေါ်တင်တင်နွဲ့(စိန်ကုန်သည်)နှင့် ဒေါ်တင်တင်အေး (သမာဓိရွှေဆိုင်)မိသားစုက ထီးနှင့်သင်္ကန်းအတွက် ငွေကျပ်ခုနစ်သောင်းငါးထောင် အသီးသီးလှူဒါန်းကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(ကဆ)**

## အောင်မြေသာစံမြို့နယ် မှန်ကင်းပဋ္ဌာတာရုံကျောင်းတိုက်ရှိ သံဃာတော်များအား ဆေးကုသပေး

**မန္တလေး ဩဂုတ် ၂၅**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ မှန်ကင်းပဋ္ဌာတာရုံကျောင်းတိုက်ရှိ သံဃာတော် အပါး ၁၂၀ တို့ကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက နယ်မြေခံဆေးကုသရေးအဖွဲ့မှ အဆိုပါကျောင်းတိုက်တွင် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါများနှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ကျန်းမာရေး အသိပညာပေးဆွေးနွေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(၀၄၅)**






## ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဩဂုတ် ၂၅**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လေးပြင်၊ လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်၊ လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ယနေ့နံနက်ပိုင်းက (၉၃)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ငါးခြောက်ငရုတ်သီးကြော်၊ ကုလားပဲသုပ်တို့ကို ၃၆လမ်းနှင့် ၆၉လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော် အပါး(၂၅၀)ကျော်တို့အား နံနက် ၅နာရီခွဲမှ စတင်လောင်းလှူ ကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်၊ လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက် အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

**(အပေါ်ပုံ)(မန္တလေးနေ့စဉ်-၃)**

## ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်းရှိ လူနာများအား ကျန်းမာရေးစောင့်ရှောက်ကြည့်ရှု၊ ငွေနှင့်စားသောက်ကုန်များ လှူဒါန်း

**မန္တလေး ဩဂုတ် ၂၅**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေး-ရန်ကင်းတောင် သွားလမ်းရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း (မန္တလေး)ရှိ အတွင်းလူနာများအား ဩဂုတ် ၂၄ရက်က မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ ကင်ဆာဓာတ်ရောင်ခြည်ဌာနမှ ဆရာဝန်ကြီး ဒေါက်တာ ကြည်ဆုမောင်က လာရောက်၍ လူနာများအား ကြည့်ရှု အားပေးစကားပြောကြားခဲ့သည်။ အလားတူ သွားနှင့်ခံတွင်း အထူးကုဆရာဝန် ဒေါက်တာ ဉာဏ်မင်းအောင်က လည်း လူနာ၊ လူနာစောင့်နှင့် ဝန်ထမ်းများအား သွားကျန်းမာရေး စစ်ဆေးကုသပေးခဲ့သည်။

ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း(မန္တလေး)သို့ စေတနာရှင်များက ဆေးပဒေသာပင်နှင့် စားသောက်ကုန်များ လာရောက်လှူဒါန်းကြရာ ဩဂုတ် ၂၄ ရက်က မန္တလေးမြို့နေ ဒေါက်တာဦးသိန်းကြွယ် + ဒေါက်တာ ဒေါ်ခင်စောနွဲ့ မိသားစုက ငွေကျပ်ငါးသိန်း၊ ဦးစဝ်မြတ်စံ + ဒေါ်ခင်ချိုမြတ် မိသားစုက ဆေးပဒေသာပင် ငွေကျပ်ငါးသိန်း၊ ဦးထက်မြတ်နိုင်က ဆန်သုံးအိတ်နှင့် ငွေကျပ်ငါးသောင်း၊ ဒေါ်ဖြိုး သန္တာဇော် မိသားစုက ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်း၊ စိုင်းကျော်ထက်အောင်က မွေးနေ့အထိမ်းအမှတ် နံနက်စာ ကြက်သားဆန်ပြုတ်၊ ပေါင်မုန့်၊ နေ့လယ်စာ ထမင်းတို့ကို ကျွေးမွေးလှူဒါန်းသည်။

ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်းသို့ ငွေ၊ ဆေးပစ္စည်းနှင့် လူနာများအား ကျွေးမွေးလှူဒါန်းလိုပါက ဖုန်း-၀၉ ၄၄၁၀၄၀၆၄၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၄၅)**



# သက်ကြီးစကား မှတ်သားနာယူ သတိမူပါ

ရှေးခေတ် မြန်မာ့မိဘ၊ ဘိုး၊ ဘွားများဟာ သူတို့ရဲ့ သား၊ သမီး၊ မြေး၊ မြစ်တွေကို လိမ္မာအောင်၊ ယဉ်ကျေးအောင်၊ လူဝင်ဆံ့အောင်၊ မြန်မာ့ရိုးရာဓလေ့ထုံးစံတွေသိအောင် စကားပုံတွေ၊ ပုံပြင်တွေ၊ ရာဇဝင်တွေ၊ ဆိုရိုးစကား၊ စကားထာ၊ ပဟေဠိတွေကို ပြောပြပြီး ရှင်းပြကြတယ်။ လူငယ်များက မှတ်သားနာယူကြပါတယ်။

ဒါ့ကြောင့် သက်ကြီးစကား၊ သက်ငယ်ကြားပြီး မှတ်သားနာယူ၊ သတိမူလို့ မြန်မာ့လူ့ဘောင်ဘဝဟာ ကမ္ဘာ့အလယ်မှာ တင့်တယ်၊ ဝင့်ထည်လျက်ရှိပါတယ်။

ကျွန်တော်တို့ငယ်ငယ်က လပြည့်ည ရွှေလသာတဲ့ညအခါမှာ ကလေးသူငယ်တွေဟာ ပျော်ရွှင်စွာ ကစားကြ၊ ဆော့ကြ၊ ထုပ်စီးတိုးကြ၊ ကြက်ဖခွပ်ကြတယ်။ မောရင် အဘွားကျွေးတဲ့ ပြောင်းဖူးပြုတ်၊ မြေပဲပြုတ်၊ ပဲမြစ်၊ ခဲတံချောင်း၊ ငှက်ပျောပေါင်းတွေစားကြ၊ ရေသောက်ကြတယ်။ ပြီးတော့ အဘွားအိုအေး ပတ်ချာလည်မှာထိုင်ပုံပြင်တွေ၊ စကားပုံတွေ၊ ဆုံးမစကားတွေ နာခံကြတယ်။ ဒါဟာ သက်ကြီးစကား၊ သက်ငယ်ကြား၊ မှတ်သားနာယူ၊ သတိမူစရာ မြန်မာမှုဓလေ့စရိုက်ကို ဖော်ပြနေပါတယ်။

**အသိဉာဏ်ဖွံ့ဖြိုး၊ စကားထာရိုးရိုး**

အဘွားအေက..

'သဒ္ဒါလည်းမတတ်၊ ပရမတ်လည်းကျ၊ လူ့ရှေ့မှာနေ၊ မှန်လျှင်မှန်စေ၊ မမှန်လျှင် လျှာထုတ်ပြ' ဘာလဲဟု မေးတယ်။ ကလေးသူငယ်များ ချက်ချင်း မသိကြ။ 'ပန်းပေး'ကြတယ်။

အဖြေက 'ချိန်ခွင်'လို့ ရှင်းပြတယ်။ အဲဒါကို…'ခြေရှစ်ချောင်း၊ ခေါင်းဘယ်ညာ၊ ကြီးခါး အလယ်မှာ'လို့လည်း ဆိုတယ်။ ချိန်ခွင်ရဲ့ ဘယ်ညာမှာ ကြိုးရှစ်ချောင်း ဆိုင်းထားတယ်။ ချိန်ခွင်ရဲ့ အလယ်ခေါင်မှာ ချိန်ခွင်လျှာရှိတယ်။

'ရေလယ်ကောင်သောင်ထွန်း၊ နတ်သမီးနေတဲ့ကျွန်း၊'

'ရေလယ်ကောင်သောင်ထွန်း၊ မိန်းမလှကျွန်း၊ ချောင်းငယ်ကောက်ကောက်၊ ရေလယ်နောက်'ဆိုတာရော

'ကျောက်ပျဉ်ပါခင်ဗျ'ဟု ဝိုင်းအော်သံကြားရတယ်။

နွားနို့တစ်ပန်းကန်၊ တစ်ပြည်လုံးလျှံ… ကတော့… လပြည့်ဝန်းနဲ့လရောင်ရွန်းပပုံကို ဖော်ညွှန်းပါတယ်။

'သူ့ကိုရိုက်တော့ ချာချာလည်၊ ကြိုးကိုဆွဲပြီး ငိုရှာတယ်' ဒါကတော့ မြန်မာ့ကြေးစည်ကို ညွှန်းဆိုပါတယ်။ ရှင်မြူးတက်ကြွစရာ စကားထာတွေအဖြစ် သိရပါတယ်။

**စကားလိမ်၊ စကားဝှက် အသိခက်**

ပဝါပါးပါး၊ ကြက်သားထုပ်က၊ စွန်းတတ်တယ်…လို့ပြောရော၊ လူငယ်လျှာသွက်အာသွက်ကလေးများက တစ်ရွာသားရည်းစားလုပ်က လွမ်းတတ်တယ်'လို့ မိန်းကလေးငယ်များဘက်ကို လက်ညှိုးထိုးပြီး ရယ်ကြမောကြတယ်။ ချစ်ခင်စရာ၊ ပျော်ရွှင်စရာ မြန်မာ့ဓလေ့စရိုက်များ တွေ့မြင်ခံစားရတယ်။

'ကန်ရဲ့တန်ဆာ၊ တံငါရဲ့လက်နက်' ဘာတဲ့လဲ။

ယောက်ျားကလေးငယ်များက…

'ကန်ရဲ့တန်ဆာ'က - ကြာ

'တံငါရဲ့လက်နက်က - ပိုက် -ကြာပိုက်-ကြိုက်ပါ'ဟု ပျော်ပျော်ရွှင်ရွှင်အော်ကြ၊ ပြောကြ၊ ဖြေဆိုကြတယ်။

ဆက်လက်ပြီး အသိခေါက်ခက် စကားဝှက် ပြောတာက..

'ကောင်းကင်ရဲ့တန်ဆာ၊ လူမလိမ္မာ'လို့လဲ ပြောရော၊ မိန်းကလေးငယ်များက ပျော်ပျော်ရွှင်ရွှင် မြူးမြူးကြွကြွထပြီး ရှင်းဒါက-

'ကောင်းကင်ရဲ့တန်ဆာက - ကြယ်

လူမလိမ္မာက - မိုက် - ကြယ်မိုက်၊ ကြိုက်မယ်'ဟု ပြောလိုက်ရာ အားလုံးလက်ခုပ်တီးပြီး ပျော်ရွှင်စရာ တွေ့ရတယ်။

ယောက်ျားကလေးသူငယ်များက -

'မရှိ၊ ဖျိုင်းရောင်'လို့ပြောတော့ အချို့မသိကြ။

'မရှိလျှင် - လို

ဖျိုင်းရောင် - ဖြူ - လိုဖြူ - လူပျို'လို့ ပြောကြတယ်။

မိန်းမငယ်လေးများက အားကျမခံ။

''ကျောက်စရစ်ခဲ၊ စောင်ခြုံ'လို့ စကားဝှက်ပြီး

'ကျောက်စရစ်ခဲ - မာ

စောင်ခြုံ - လုံ - မာလုံ - မုံလာ'လို့ ဖြေရော ကလေးငယ်များ၏ ပျော်ပျော်ပါးပါး ရင်ခုန်သံ ပီတိစကားများကို ကြားသိရတယ်။ အလွန်ကြည်နူးစရာ မြန်မာ့ဓလေ့အမွေအရာများကို သိမှတ်ရပါတယ်။ ရယ်မောဖွယ်ဓလေ့ သိရတယ်။

မတီးဘဲမြည် - မိုးခြိမ်းသံ

မစိုက်ဘဲပွင့် - ကောင်းကင်ကြယ်

မခြယ်ဘဲနှင့်မည်း - မိုးရိပ်ဆင်

မဖွပ်ဘဲဖြူ

မထည့်ဘဲပါ-အုန်းသီး ဆိုတဲ့ စကားဝှက်တွေက မြန်မာ့ရိုးရာဓလေ့ ချစ်စရာစရိုက်လက္ခဏာများကို ထင်ဟပ်စေပါတယ်။

**သချ်ာ စကားထာ၊ မကြင်နာ**

မြန်မာ့ရိုးရာ သချ်ာနည်းနှင့် တွက်ယူရတဲ့ စကားထာမျိုးက အတော်ကို လေးစားတန်ဖိုးထားထိုက်ပါတယ်။

'ဆယ်ဆံခြည် - တစ်နှမ်း

ခြောက်နှမ်း - တစ်မုယော

လေးမုယော - တစ်လက်သစ်

ရှစ်လက်သစ် - တစ်မိုက်

သုံးမိုက် - တစ်တောင်

လေးတောင် - တစ်လံ' သတ်မှတ်လက်ာ အရ တွက်ချက်ယူရပါတယ်။ ဒါကို အခြေပြုပြီး စကားထားဖွဲ့လိုက်တာက-

'အလံတစ်ရာ မြွေ၊ ထင်းမှာခွေ၊ တစ်နေ့ လက်နှစ်သစ်၊ ကျွန်မသက္ကရာဇ်' လို့ မကြင်နာသချ်ာ စကားထာကြောင့် အခက်ကြုံကြတယ်။

အလံတစ်ရာကို လက်သစ်ဖွဲ့သော်၊ လက်သစ်ပေါင်း ၉၆၀၀ ရတယ်။

၉၆၀၀ ကို လက်နှစ်သစ်နှင့်စားသော် ၄၈၀၀ ရတယ်။ နှစ်ဖွဲ့ရန် ၁၂ နှင့် စားသော် ၁၃နှစ် ၄လ ရတယ်။ လက်ရှိ ကောဇာသက္ကရာဇ်ထဲက ၁၃နှစ်၄လ နှုတ်လျှင် သချ်ာစကားထာဝှက်သူရဲ့ မွေးသက္ကရာဇ်ကို တွက်ယူရရှိနိုင်ပါတယ်။

ဒီလိုနဲ့ ကလေးငယ်များက ပင်ပန်းလာကြတော့ အိပ်ချင်လာကြတယ်။ နည်းနည်းကြီးတဲ့ လူပျိုပေါက်၊ အပျိုပေါက်ကလေးသူငယ်များက မုန့်ဖက်ထုပ်၊ ဌာပနာထုပ်၊ ကောက်ညှင်းပေါင်းထုပ်၊ မုန့်ဦးနှောက်တွေ နောက်တစ်ကြော့ စားကြရတယ်။ ဆက်လက်ပြီးတော့ အဘွားအေကြီးက မြန်မာ့ရိုးရာ စကားထာများဟာ ရှေးမြန်မာဘုရင်များလက်ထက်ကပင်ရှိခဲ့ရာ ထိရောက်လေးနက်သော ဆုံးမစာတွေ ဖြစ်ပါတယ်။

အဆိုပါ လပြည့်ည ၉ နာရီ၊ ၁၀နာရီခန့်မှာ မြေးငယ်များက ပတ်ချာလည် ဝိုင်းထိုင်နေရာ၊ အဘွားအိုက တန်ဖိုးကြီးမားသော ရာဇဝင်ထဲက စကားထာတစ်ခု ရှင်းပြတယ်။ မှတ်သားစရာပါ။

အင်းဝဘုရင် မင်းကြီးစွာစော်ကဲလက်ထက်က စောမည်းကို ရခိုင်စားခန့်ခဲ့တယ်။ အဲဒီမှာ မင်းကြီး မိန့်ဆိုတာက ..

'ထန်းစေ့ ထန်းပင်ကဲ့သို့ မကျင့်နှင့်။

ညောင်ပင်ကဲ့သို့ ကျင့်လေ။

ကြောင်ကဲ့သို့ ကျင့်လေ'လို့ မိန့်တယ်။

အဲဒီစကားထာရဲ့အဓိပ္ပာယ်က လေးနက်တယ်၊ ခိုင်ခံ့တယ်။ ထန်းစေ့၊ ထန်းပင်ဆိုတာ တစ်ပင်တည်း ထီးထီးမားမားမတ်မတ် ရပ်တည်နေတယ်။ အရိပ်ခိုခွင့် မရနိုင်ပါ။ ညောင်ပင်ကြီးဟာ အစေ့သေးသော်လည်း အရေအတွက်များစွာရှိ၍ ငှက်ပေါင်းများစွာ စားသောက်မကုန်နိုင်။ ထန်းပင်လို တစ်ပင်တည်း ထီးထီးမားမားမဟုတ်။ အကိုင်းအခက် ဝေဝေဆာဆာရှိပြီး ငှက်များနှင့် လူများ အရိပ်ခိုရာ၊ အပန်းဖြေရာဖြစ်တယ်။ ထို့အတူ မင်းဟူသည် လူအပေါင်းရဲ့ မှီခိုအားထားရာဖြစ်ပါစေ။ ကြောင်သတ္တဝါတို့ဟာ မလိုအပ်လျှင် သူတို့ရဲ့ လက်သည်းကို ဝှက်ထားကြတယ်။ လိုအပ်မှသာ၊ မသုံးမဖြစ်မှသာ ရန်သူကို လက်သည်းနှင့်တွန်းလှန်တိုက်ခိုက်တယ်။ အုပ်ချုပ်သောမင်းကလည်း အရာရာကို လက်နက်အားကိုးမပြုသင့်။ လိုအပ်မှ သုံးရန် စကားထာနဲ့ ဆုံးမလိုက်ပါတယ်။

စောမည်းဟာ မင်းကြီးမိန့်ဆိုတဲ့ စကားထာရဲ့ တန်ဖိုးကိုမသိ။ မလေးစား။ မလိုက်နာ။ သိကျွမ်းသူကိုလည်း မမေးမမြန်း။ စောမည်းဟာ ရခိုင်ရောက်သောအခါ- ရှိသမျှ ညောင်ပင်တွေကို အမြစ်မှစ၍ တူးဖြိုတယ်။ ရှိသမျှ ကြောင်တွေကို သတ်စေတယ်။ ပြည်သူလူထုက မခံမရပ်နိုင်လို့ ထကြွပုန်ကန်ရာ စကုကို ထွက်ပြေးရတယ်။

တန်ဖိုးရှိတဲ့ စကားထာကို ပညာဉာဏ်နှင့် မဆင်ခြင်နိုင်လျှင် အခက်ကြုံရကြောင်း ရှင်းပြတယ်။

'ငါ့ မြေးငယ်များ ၊ အိပ်ချင်ကြပြီလား'

'မအိပ်ချင်သေးဘူး၊ အဘွား'

'အခုပြောမှာက မြေးလေးတွေနဲ့ပတ်သက်ဆက်နွှယ်တဲ့ ဆုံးမစာ။ မြေးလေးတွေဟာ အချိန်တန်အရွယ်ရောက် လူလားမြောက်လာရင် အိုးအိမ်ထူထောင်ကြမယ်လေ။ ဒီတော့ သက်ကြီးစကား သက်ငယ်ကြား မှတ်သားနာယူ သတိမူဖို့ ဓမ္မပဒဝတ္ထုလာ ဝိသာခါသတို့သမီးဝတ္ထုကို ပြောပြမယ်။ ဝိသာခါသတို့သမီးဟာ ပုဏ္ဏဝဒ္ဓန သတို့သားနှင့် လက်ထပ်တယ်။ ဖခင်သူဌေးကြီးက သမီးတော် ဝိသာခါအား ယောက္ခမအိမ်သို့ ပို့ဆောင်ခြင်းမပြုမီ ဆုံးမစကား ၁၀ ပါးဖြင့် ဆုံးမတယ်။ အဲဒီ ၁၀ ပါးသော ဩဝါဒစကားထာများကို ဝိသာခါသတို့သမီးက ယောက္ခမဖြစ်သူ မိဂါရသူဌေးကြီးအား ရှင်းပြတဲ့ ဆုံးမစကားပါ'

**(၁)အတွင်းမီးကို အပြင်သို့ မထုတ်အပ်။**

ယောက္ခမနှင့် လင်သားတို့ရဲ့ ကျေးဇူးစကားကို အပြင်လူများကို မပြောကြားရာ။ အိမ်တွင်း အဖြစ်အပျက်ကို အပြင်ကို မသိစေရ။

**(၂) အပြင်မီးကို အတွင်းသို့ မသွင်းအပ်။**

ယောက္ခမနှစ်ပါးနှင့် လင်သား၏ ကျေးဇူးမဲ့စကားကို အပြင်လူများပြော၍ ကြားခဲ့လျှင်လည်း အိမ်တွင်းသို့ ယူဆောင်လာကာ ပြန်လည်မပြောကြားရာ။ အပြင်စကား အိမ်အတွင်း သယ်ဆောင်ပြောဆိုခြင်း မပြုစေအပ်။

**(၃) ပေးသောသူအား ပေးအပ်ရာ၏။**

အကြင်သူတို့သည် အိမ်မှပစ္စည်းတို့ကို ငှားရမ်းသွားပြီးနောက် မှတ်မှတ်ရရ ပြန်၍ပေးအပ်၏။ သစ္စာရှိရှိ ငှားရမ်းယူထားပစ္စည်းကို ပြန်လည်၍ အပ်နှံသူအား နောက်ထပ်ငှားရမ်းပေးကမ်းရာ၏။

**(၄) မပေးသောသူအား မပေးအပ်။**

အကြင်သူတို့သည် အိမ်ရှိပစ္စည်းတို့ကို ငှားရမ်းယူသွားပြီး မေ့ချင်ဟန်ဆောင်ပြီး ပြန်မပေး။ ငှားရမ်းပစ္စည်း ပြန်မပေးသောသူတို့အား နောက်ထပ် ငှားရမ်းခြင်း မပြုအပ်ပါ။

**(၅) ပေးသောသူအားလည်းကောင်း၊ မပေးသောသူအားလည်းကောင်း ပေးအပ်၏။**

ဆင်းရဲငြိုငြင် ပင်ပန်းကြကုန်သော ဆွေမျိုးမိတ်သင်္ဂဟတို့က လာရောက်တောင်းရမ်းလျှင် ထိုသူတို့သည် ပေးနိုင်သည်ဖြစ်စေ၊ မပေးနိုင်သည်ဖြစ်စေ ထိုသူတို့အား ထောက်ပံ့ပေးကမ်းချီးမြှင့်အပ်၏။

**(၆) ချမ်းသာစွာ နေထိုင်အပ်၏။**

ယောက္ခမနှစ်ပါးနှင့် လင်ယောက်ျားတို့ကို မြင်လျှင် ထသင့်သည့်နေရာမှာ မထဘဲ၊ ထိုင်နေခြင်းငှာ မသင့်။ ထိုင်သင့်သောအခါမှသာ ထိုင်နေရာ၏။

**(၇) ချမ်းသာစွာ စားအပ်၏။**

ယောက္ခမနှစ်ပါးနှင့် လင်ယောက်ျားတို့၏ စားဦးကို မစားနှင့်။ ၎င်းတို့အား ပြည့်ပြည့်စုံစုံ လုပ်ကျွေးပြုစုပြီးမှသာလျှင် စားသောက်သင့်၏။

**(၈) ချမ်းသာစွာ အိပ်စက်အပ်၏။**

ယောက္ခမနှစ်ပါးနှင့် လင်ယောက်ျားတို့၏ အလျင်ဦးအောင် မအိပ်စက်ရာ။ ထိုသူတို့အား ပြုဖွယ်အလုပ်များကို ပြုလုပ်ဆောင်ရွက်ပြီးမှသာ အိပ်စက်ရာ၏။

**(၉) မီးကို လုပ်ကျွေးအပ်၏။**

ယောက္ခမနှစ်ပါးနှင့် လင်ယောက်ျားသည် မီးပုံကြီးသုံးပုံပမာ ကိုးကွယ်ရာဟု မှတ်ယူ၍ ကောင်းစွာ လုပ်ကျွေးပြုစုရာ၏။

**(၁၀) အိမ်တွင်းနတ်ကို ရှိသေရှိခိုးအပ်၏။**

ယောက္ခမနှစ်ပါးနှင့် လင်ယောက်ျားတို့သည် ကိုးကွယ်ရာဖြစ်သော အိမ်တွင်းနတ်နှင့်တူ၏။ ထိုနတ်သုံးပါးကို အမြဲမပြတ် ရှိသေစွာဆက်ဆံ၊ ရှိခိုး၊ ကိုးကွယ်အပ်၏လို့ ဆိုလိုပါတယ်။

အဘွားအိုသည် မြေးငယ်များအား ဆောင်သင့်၊ ရှောင်သင့်သော လူမှုကျင့်ဝတ် ဆိုရိုးစကားများကို ရှင်းပြရာ မြေးငယ်များဟာ မှတ်သားကြ၊ နာယူကြတယ်။

သက်ကြီးစကား၊ သက်ငယ်ကြား၊ မှတ်သားနာယူ သတိမူလျှင် လူ့ဘောင်၊ လူ့ဘဝ၊ လူ့လောကသည် ထာဝရပျော်ရွှင်စရာ ကမ္ဘာတစ်ခုလို့ ခေါ်ဆိုနိုင်ကြပါတယ်။

သာယာပျော်ရွှင်ဖွယ်မိသားစုကမ္ဘာငယ်များ တည်ဆောက်နိုင်ကြပါစေ ……။

မောင်သန်း(မဟာဝိဇ္ဇာ)

## သာစည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော Register နှင့် Unregister လမ်းစာရင်းများ ရှင်းလင်းတင်ပြဆွေးနွေး



**သာစည် ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်တွင် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော Register နှင့် Unregister လမ်းစာရင်းများ ရှင်းလင်းတင်ပြဆွေးနွေးပွဲကို ဩဂုတ် ၂၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီးနောက် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ပိုပိုချစ်က ဌာနမှတာဝန်ယူဆောင်ရွက်လျက်ရှိသော Register လမ်း မိုင်(၂၀၉/ ၇ ဒသမ ၅၂) မိုင်နှင့် Unregister လမ်းမိုင် (၄၇/ ၃ ဒသမ ၈၀)မိုင်တို့အား ဆောင်ရွက်နေမှုအခြေအနေများကို အကျယ်တဝင့် ရှင်းလင်းတင်ပြဆွေးနွေးရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါရှင်းလင်းတင်ပြဆွေးနွေးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၇)

## ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားကတ်များ ကွင်းဆင်းဆောင်ရွက်

**အမရပူရ ဩဂုတ် ၂၅**

မန္တလေး၊ အမရပူရမြို့နယ်၊ ဥယျာဉ်တော်အုပ်စု၊ ရွှေရန်လင်းမင်းကျောင်းတိုက်ရှိအမှတ်(၆) ဘုန်းတော်ကြီးသင်စာသင်ကျောင်းတွင် ယမန်နေ့ နံနက် ၉ နာရီခွဲက လဝကမှူး ဦးသက်ဇော် ဦးဆောင်၍ ဒုလဝကမှူး ထွေးထွေးဝင်း ၊ ဒုလဝကမှူး သော်တာလွင်တို့က ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့်လည်းကောင်း၊ အမရပူရမြို့နယ်၊ ကင်းဘတ်အုပ်စုတွင် တိုက်နယ်မှူး လက်ထောက်လဝကမှူး ဒေါ်ခင်သူဇာအောင် ဦးဆောင်၍ ဒုလဝကမှူး အိနေဇာအောင်၊ ဒုလဝကမှူး ဟေမာန်လင်းတို့က ကင်းဘတ်ကျေးရွာ အလယ်တန်းကျောင်း၌ ယမန်နေ့ နံနက်ပိုင်းက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အသီးသီး ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာနမှ "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့" ဆောင်ပုဒ်နှင့်အညီ ယခု ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားကတ် ဆောင်ရွက်ပေးခြင်းမှ အကျုံးဝင်သော ကျောင်းသား ၈၈ ဦး ကျောင်းသူ ၁၃၇ ဦး စုစုပေါင်း ၂၂၅ ဦးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမရပူရမြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုဝင်းထံက သိရသည်။

**စိုးသီဟ(အမရ)**

၀-၀-၀-၀-၀-၀-၀



## ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး Computer Software သင်တန်းဆင်းပွဲ ကျင်းပ

**ကျောက်ဆည် ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန် ရည်ရွယ်ဖွင့်လှစ်သည့်ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေး Computer Software သင်တန်းဆင်းပွဲကို ဩဂုတ် ၂၃ ရက်က အဆိုပါခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဈေးဦးစွာ ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦးက သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းမှ ပို့ချသင်ကြားပေးသည့် ကွန်ပျူတာဆော့လ်ဝဲနည်းပညာများကို လက်တွေ့အသုံးချပြီး ဌာနလုပ်ငန်းများ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းကို ဌာန၏ ခွင့်ပြုငွေကျပ် ၁၅သိန်းဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကာ သင်တန်းတွင် သင်တန်းနည်းပြအဖြစ် ပြင်ပမှ Computer Software နည်းပညာရှင် ဦးစည်သူနှင့် ဒေါ်ဆုနှယ်နှင်းတို့က ကွန်ပျူတာနည်းပညာဆော့ဖ်ဝဲ ရေးဆွဲနည်းစနစ်များ၊ ဓာတ်ပုံပြုပြင်နည်းပညာများနှင့် ကွန်ပျူတာ စနစ်တကျကိုင်တွယ်အသုံးပြုပုံနည်းစနစ်များကို ဩဂုတ် ၁၂ ရက်မှ ၂၃ ရက်အထိ ၁၂ရက်ကြာ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးခဲ့သည်။

ယင်းသင်တန်းအား ကျောက်ဆည်ခရိုင်ရုံးနှင့် ခရိုင်အတွင်းရှိ မြို့နယ်(၃)မြို့နယ်မှ ဝန်ထမ်း ၁၀ ဦးတက်ရောက်သင်ကြားခဲ့ကြောင်း ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးထံက သိရသည်။

(အပေါ်ပုံ)(၄၄၅)



## ဟူမွှလင်းမြို့တွင် သက်ကြီးဘိုး၊ ဘွား ၁၂၀ဦးကို အခမဲ့ ကျန်းမာရေးစောင့်ရှောက်ကုသပေး

**ဟုမ္မလင်း ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့တွင် သက်ကြီး ဘိုး၊ ဘွား ၁၂၀ဦးကို အခမဲ့ကျန်းမာရေးစောင့်ရှောက်ကုသပေးခဲ့သည်။ ဟုမ္မလင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသခန်းမဆောင်တွင် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်းကို ဩဂုတ် ၂၃နံနက် ၉ နာရီမှ ၁၂ နာရီအထိ ဆောင်ရွက်ပေးခဲ့သည်။

သက်ကြီးဘိုးဘွားများ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကုသပေးဆောင်ရွက်ခြင်းကို ဟုမ္မလင်းခုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံ၊ ဆေးရုံအုပ်ကြီးဒေါက်တာရန်နိုင်ဆွေ၊ တာဝန်ကျဆရာဝန်များ၊ ဆရာ၊ ဆရာမများက သက်ကြီးရွယ်အိုများအား အပတ်စဉ်သောကြာနေ့တိုင်း အခမဲ့ ဆောင်ရွက်ပေးလျက်ရှိသည်။

အခမဲ့ ကုသပေးရာတွင် ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်း၊ မကူးစက်ခင် ရောဂါကြိုတင်ကာကွယ်ရေး၊ နှလုံးရောဂါ၊ သွေးတိုး၊ ဆီးချို၊ ရောဂါအခံရှိသူ သက်ကြီးဘိုးဘွားများကို ကုသပေးခြင်းဖြစ်ပြီး သက်ကြီးဘိုးဘွားများကို အလှူရှင်မိသားစုဝင်များက အာဟာရဒါန ကြက်သားဆန်ပြုတ်တိုက်ကျွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၉၄)

၀-၀-၀-၀-၀-၀-၀

## စာဖတ်ရှိန်မြင့်မားရေးအတွက် နယ်လှည့်စာကြည့်တိုက် ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲ ကျင်းပ



**မြစ်သား ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတွင် စာဖတ်ရှိန်မြင့်မားရေးအတွက် နယ်လှည့်စာကြည့်တိုက်ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့်စာအုပ်ပြပွဲကို ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။

ဈေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မူးယစ်ဆေးဝါးဆောင်ပုဒ်များ၊ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်နိုင်သော စိတ်ပိုင်းဆိုင်ရာဆိုးကျိုးများနှင့် ရုပ်ပိုင်းဆိုင်ရာဆိုးကျိုးများ၊ စိတ်ဓာတ်ခိုင်မာသန်စွမ်းရေး အားကစားကဏ္ဍမြှင့်တင်ပေး မူးယစ်ဆေးကို ရှောင်ကာမနေး စသည့် အကြောင်းအရာနှင့်မူးယစ်ဆေးဝါး အမျိုးအစားများဖြစ်သည့် မူးယစ်ဆေးဝါးအုပ်စုငါးမျိုး၊ ဆေးလိပ်၊ ကွမ်းယာများ၏ဆိုးကျိုးနှင့် အန္တရာယ်အကြောင်းအရာများနှင့်စာဖတ်ခြင်း၏ အကျိုးကျေးဇူးအကြောင်းအရာများကို အကျယ်တဝင့် ဟောပြောခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်၊ စာစောင်ပြပွဲနှင့်အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုအသိပညာပေးနံရံကပ်စာစောင်၊ ကျန်းမာရေးဆိုင်ရာအသိပညာပေးနံရံကပ်စာစောင်များကို ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**သီတာအောင် (မြစ်သား)**

၀-၀-၀-၀-၀-၀-၀

၀-၀-၀-၀-၀



## လမ်းခင်းနေမှုအား ကွင်းဆင်းစစ်ဆေး

**အောင်လံ ဩဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် စက်ရုံရပ်ကွက်၊ ဝတ်ကျောင်းလမ်း (၅၅၀ပေ×၁၄ပေ×၈လက်မ) ကွန်ကရစ်လမ်းခင်းနေမှုအား ယမန်နေ့က အောင်လံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများ၊ အင်ဂျင်နီယာမှူးတို့မှ ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

အာကာ(ပြန်/ဆက်)

သင့်အသက်
အန္တရာယ်
ကာကွယ်ရန်အတွက်
ဆိုင်ကယ်စီးလျှင်
ဦးထုပ်ဆောင်းပြီး
မေးသိုင်းကြိုး
သေချာစွာ တပ်ပါ။

# ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ပြိုင်ပွဲများတွင် ဆုရရှိခဲ့သူများအား ဆုချီးမြှင့်ပွဲ ကျင်းပ

**မိတ္ထီလာ ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ အထက(၂)တွင် ကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ပြိုင်ပွဲများတွင် ဆုရရှိခဲ့သူများအား ချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အဆိုပါကျောင်းရှိ ရတနာခန်းမတွင် ကျင်းပခဲ့သည်။



အဆိုပါဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဝေဝေဖြိုးက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အဆိုပါပွဲတော်တွင် ထည့်သွင်းကျင်းပခဲ့သည့် မူလတန်းအဆင့်ပုံပြင်ပြောပြိုင်ပွဲ၊ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ အထက်တန်းအဆင့်ကျပန်းစကားပြောပြိုင်ပွဲ၊ အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများ ၊ စာဖတ်ဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသူများ၊ ဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုဆုများကို တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစောမြင့်ထူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မြို့နယ်အတွင်းမှ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများ၊ တေးသရုပ်ဖော်များဖြင့် သီဆိုကပြဖျော်ဖြေခဲ့ပြီး အခမ်းအနားအပြီးတွင် တာဝန်ရှိသူများနှင့် ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများ အမှတ်တရ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(၄၅၃)**



# ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်အဖွဲ့သစ်များ ရွေးချယ်တင်မြှောက်

**မိုင်းယောင်း ဩဂုတ် ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်း၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ပွဲကို ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီက မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ အသင်းအမှုဆောင်ဒါရိုက်တာအဖွဲ့များ၊ အသင်းသားအသင်းသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘဏ္ဍာရေးနှစ်ချုပ်အစီရင်ခံစာနှင့် စာရင်းစစ်အဖွဲ့အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းအတည်ပြုခြင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်းအောင် အသင်းသား၊ အသင်းသူ သား၊ သမီးများအား ထောက်ပံ့ငွေပေးအပ်ခြင်း၊ အမှုဆောင်အဖွဲ့သစ်ကို ပြန်လည်ရွေးချယ်အတည်ပြုခြင်းများ ဆောင်ရွက်ကြပြီး အသင်းသား၊ အသင်းသူများသို့ အစုပေါ်အမြတ်နှင့် စုဆောင်းငွေပေါ်အတိုး စုစုပေါင်းငွေကျပ် ၅၂၈၇၀၀၀ ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

(၅၀၅)

# မြေသားရေလှောင်ကန်တူးဖော်ပြီးစီးမှုနှင့် ကွန်ကရစ်လမ်းပြီးစီးမှုအခြေအနေတို့အား ကွင်းဆင်းစစ်ဆေး

**ညောင်ဦး ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်အတွင်း မြေသားရေလှောင်ကန် တူးဖော်နေမှုအခြေအနေနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေတို့အား ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ အမှုဆောင်အရာရှိ ဦးခင်မောင်ခ၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းတို့လိုက်ပါလျက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ လှူဒါန်းတူးဖော်နေသည့် မြေနဲလေးကျေးရွာ၊ မြေသားရေလှောင်ကန်(၂)၊ ကန်အမှတ်(၀၆၁)မြေသားရေကန်တူးဖော်နေမှု၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အမှတ်(၃)ရပ်ကွက်၊ အောင်သုခလမ်း ကွန်ကရစ်ခင်းခြင်းနှင့် အမှတ်(၅)ရပ်ကွက်၊ ရတနာပုံလမ်းသွယ် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့အား ကွင်းဆင်းစစ်ဆေးရာ မဆောင်ရွက်မီ မှတ်တမ်းဓာတ်ပုံများ၊ အချက်အလက်များ၊ ဆောင်ရွက်နေစဉ် အချက်အလက်မှတ်တမ်းဓာတ်ပုံများနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့အား ကွင်းဆင်းစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)(၄၈၁)**



# ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ ဩဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) စီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရွှေလှေကျေးရွာအုပ်စု၊ ဖိုးပေါက်စုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ ဖိုးပေါက်စုကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများကို တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **(အောက်ပုံ)**



ဖိုးပေါက်စုကျေးရွာ၌ အရှည်ပေ ၆၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် နိုင်ငံတော်ပံ့ပိုးငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်(၅ ဒသမ ၄)သန်း၊ စုစုပေါင်း ငွေကျပ် ၂၀ ဒသမ ၄ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ် ၁၅ရက်က လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၆၂ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။

အဆိုပါ ကျေးရွာတွင်း ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးပါက ဖိုးပေါက်စုကျေးရွာရှိ အိမ်ခြေ ၉၂ အိမ်၊ လူဦးရေ ၃၂၁ ဦးအတွက် ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောပြ၍ သိရသည်။ (၄၄၅)

# မြို့သန့်ရှင်းသာယာလှပရေး ကျောက်ဆည်မြို့တွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ကျောက်ဆည် ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဦးဆောင်မှုဖြင့် မြို့အင်္ဂါရပ်နှင့်အညီ မြို့သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၃ ရက် နံနက် ၇ နာရီက သာသနာကျောင်းဝင်းပရိဝုဏ်များ၊ သန့်ရှင်းရေးနှင့် သံဃာတော်များ၊ ဗုဒ္ဓစာပေနှင့်တရားတော်များ၊ အေးချမ်းစွာသင်ယူပြီး တရားဘာဝနာများ ကျင့်ကြံပွားများနိုင်ရေး ပေါက်တောရပ်ကွက်အုပ်စု၊ ဆည်ထိပ်ထန်းတော၊ မဟာဂန္ဓာရုံပရိယတ္တိစာသင်တိုက်တွင် စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာသို့ ကျောက်ဆည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၃) ဦးအောင်ထားရွှေနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစိုးလင်းထွန်းနှင့် ဌာနပေါင်းစုံမှ ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ စာသင်တိုက်ကျောင်းဝင်းအတွင်းရှိ နွယ်မြက်သစ်ပင်များ၊ ချုံနွယ်များ၊ သစ်ကိုင်းအခြောက်များ၊ ပလတ်စတစ်အမှိုက်များအား စုပေါင်းသန့်ရှင်းခဲ့ပြီး ထွက်ရှိလာသော အမှိုက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဌာနပိုင်အမှိုက်သိမ်းယာဉ် နှစ်စီးဖြင့် စနစ်တကျ သိမ်းဆည်းစွန့်ပစ်ခဲ့ကြောင်း သိရသည်။ (၄၈၅)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် သာသနိက ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းထားရှိမှုများအား ကြည့်ရှုစစ်ဆေး၊ တန်ခိုးကြီး ဘုရား၊ စေတီများအား ဖူးမြော်ကြည်ညို

နေပြည်တော် အောက်တိုဘာ ၂၅

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဗိုလ်ချုပ်ကြီး ညိုစောနှင့်ဇနီး၊ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးမျိုးသန့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍မန္တလေးမြို့ရှိရှေးဟောင်းသမိုင်းဝင်သာသနိက ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းထားရှိမှုအခြေအနေများအား သွားရောက် ကြည့်ရှုစစ်ဆေးပြီး တန်ခိုးကြီးဘုရားစေတီများအား ဖူးမြော်ကြည်ညိုသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟာအတုလဝေယန် (အတုမရှိ)ကျောင်းတော်ကြီးအား လှည့်လည်ကြည့်ရှုစဉ်။

**စည်ရှည်တံတားဆောက်လုပ်ရေး ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မန္တလေးနန်းမြို့တွင်းသို့ ရောက်ရှိကြပြီး နန်းမြို့အနောက်ဘက်ရှိ မြို့ရိုး ထိန်းသိမ်းထားရှိမှုနှင့် စည်ရှည်တံတားအား ပြန်လည်တည်ဆောက်နိုင်ရေးဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံက စည်ရှည်တံတား၏သမိုင်းအကျဉ်းနှင့် ယခင်တံတားအဟောင်း အထောက်အထား အချက်အလက်များကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က စည်ရှည်တံတား ပြန်လည်တည်ဆောက်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တံတားပြန်လည်တည်ဆောက်ရာတွင် ရှေးမူမပျက် မူလပုံစံအတိုင်း တည်ဆောက်သွားရန်လိုကြောင်း၊ တံတားနှင့် ဆက်စပ်လျက်ရှိသည့် လမ်းများကိုလည်း စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**မဟာအတုလဝေယန် (အတုမရှိ)ကျောင်းတော်ကြီး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် မဟာအတုလဝေယန် (အတုမရှိ)ကျောင်းတော်ကြီးသို့ ရောက်ရှိကြပြီး ကျောင်းတော်ကြီး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေနန်းတော်ကျောင်း (ရွှေကျောင်း)တွင် လှည့်လည်ကြည့်ရှုစဉ်။

အတွင်းရှိ စူဠာမုနိရုပ်ရှင်တော် ဘွဲ့အမည်ခံရုပ်ပွားဆင်းတုတော်ကြီးအား ဖူးမြော်ကြည်ညိုကာ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် စူဠာမုနိရုပ်ရှင်တော် ဘွဲ့အမည်ခံရုပ်ပွားတော်မြတ်ကြီးပင့်ဆောင်ထားရှိမှု အခြေအနေများအား ကြည့်ရှု၍ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကြည်ညိုသပ္ပါယ်စွာရှိစေရေး လိုအပ်သည်များကို ဆောင်ရွက်သွားရန် မှာကြားကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး ထိန်းသိမ်းရေးအတွက် ဘက်စုံ အလှူတော်ငွေများကို ပေးအပ်လှူဒါန်းသည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

စာမျက်နှာ ၅ သို့ ✻

# ဝုဖ်ကို ဂိုးဒါဇင်ဝက်ဖြင့် ချဲလ်ဆီးအသင်းအနိုင်ယူ၊ လီဗာပူးတို့ နှစ်ဂိုးပြတ်ဖြင့် ဘရန့်ဖို့ဒ်အသင်းကို အနိုင်ရရှိ

လန်ဒန် အောက်တိုဘာ ၂၅

ပရီးမီးယားလိဂ်ပွဲစဉ် (၂) အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၇နာရီ ၃၀မိနစ်က ဝုဖ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ချဲလ်ဆီးအသင်းက ဝုဖ်အသင်းအား ဂိုးဒါဇင်ဝက်ဖြင့် နိုင်ပွဲရယူပြီး အဖိုးတန် ရမှတ် ၃မှတ် ရယူနိုင်ခဲ့သည်။



လီဗာပူးအသင်းနှင့် ဘရန့်ဖို့ဒ်အသင်းတို့ ယှဉ်ပြိုင်ကစားနေစဉ်။

**ဝုဖ် ၂ - ၆ ချဲလ်ဆီး**

ယခုပွဲစဉ်ပထမပိုင်းတွင် ဝုဖ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်နေသော်လည်း ဒုတိယပိုင်းတွင် ချဲလ်ဆီးအသင်းက အသင်းလိုက်စုဖွဲ့မှုအားကောင်းကောင်းဖြင့် သွင်းဂိုး လေးဂိုးထပ်မံရယူကာ ပွဲစဉ်ပြီးဆုံးချိန်တွင် ဝုဖ်အသင်းအား ၆ဂိုး၊ ၂ဂိုးဖြင့် အနိုင်ရယူနိုင်ခဲ့သည်။

ချဲလ်ဆီးအသင်းအတွက် သွင်းဂိုး ၆ဂိုးကို ပွဲချိန် ၂မိနစ်တွင် နီကိုးလက်စ်ဂျက်ဆင်၊ ပွဲချိန် ၄၅မိနစ်တွင် ကိုးလ်ပါမာ၊ ပွဲချိန် ၄၉မိနစ်၊ ၅၈မိနစ်၊ ၆၃မိနစ်တွင် မာဒူအေကေ၊ ပွဲချိန် ၈၀မိနစ်တွင် ဂျာအိုဖီးလစ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။ ဝုဖ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကိုမူ ပွဲချိန် ၂၇မိနစ်တွင် ကန်ညာ၊ ပွဲချိန် (၄၅+၆)မိနစ်တွင် လာဆင်တို့က သွင်းယူပေးခဲ့သည်။

ဆက်လက်၍ ယနေ့ မြန်မာစံတော်ချိန် ည ၁၀နာရီက လီဗာပူးအသင်းနှင့် ဘရန့်ဖို့ဒ်အသင်းတို့ ယှဉ်ပြိုင်ကစား ကြရာ လီဗာပူးအသင်းက ဘရန့်ဖို့ဒ်အသင်းအား အနိုင်ရယူပြီး ပရီးမီးယားလိဂ် အမှတ်ပေးဇယား၌ ရမှတ် (၆)မှတ်ရယူကာ အဆင့် (၄)နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

**လီဗာပူး ၂ - ၀ ဘရန့်ဖို့ဒ်**

လီဗာပူးအသင်းသည် အိမ်ရှင်ပီပီ ဘရန့်ဖို့ဒ်အသင်းဘက်ကို ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် တောက်လျှောက်ဖိအားပေးကစားခဲ့ပြီး နှစ်ဂိုး၊ ဂိုးမရှိဖြင့် နိုင်ပွဲရယူနိုင်ခဲ့သည်။

စာမျက်နှာ ၇ သို့ ❖